# ကြေးမုံ

## The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 30 July 2024 ၁၁၅၃၄


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများတည်ထောင်ဆောင်ရွက်

# ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့်စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြောကြားသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၇)နှစ်မြောက် အခမ်းအနားကျင်းပ** — စာမျက်နှာ » ၅

**ဘက်စုံအသုံးဝင်သည့် အဖိုးတန်ရွှေကောက်ရိုး** — ဆောင်းပါး စာမျက်နှာ » ၆



**(၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ** — စာမျက်နှာ » ၉

ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီကာလ ဇွန်၊ ဇူလိုင်လများသည် ယခင်နှစ်များထက်ပိုမို၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုများနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်းလုံး မိုးပိုမိုလွန်ကဲပြီး သည်းထန်စွာရွာသွန်းလျက်ရှိသည်။ အနောက်တောင်မုတ်သုံမိုး အားကောင်းနေသည့်အချိန်အခါတွင် ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်းများကလည်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသောကြောင့် မိုးအဆက်မပြတ်ဘဲ ရွာသွန်းမှုအားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုအားကောင်းနေသောကြောင့် တောင်ကျချောင်းရေများ အလျှံပယ်ကျဆင်းပြီး မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းငယ်များ၌ ရေပြည့်ရေလျှံ ရေစီးသန်ကာ မြစ်ချောင်းများနှင့်နီးသည့် မြို့ရွာများ၌ ရေကြီးရေလျှံမှုများဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုရက်ပိုင်း၌ ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနေပြီး အချို့ဒေသများတွင် ရွာသွန်းမြဲထက်ပိုမိုကာ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ ယခုအခါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့မြို့ရွာများ၌ ရေဝင်နစ်မြုပ်ပြီး ရေဘေးဒုက္ခများနှင့်ကြုံတွေ့နေရသည်။

လာမည့်ဩဂုတ်လတွင် ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေ၊ ဒုဋ္ဌဝတီမြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ ရွှေကျင်မြစ်ရေ၊ ပဲခူးမြစ်ရေ၊ သံလွင်မြစ်ရေ၊ ဘီးလင်းမြစ်ရေ၊ တနင်္သာရီမြစ်ရေ၊ သောင်ရင်းမြစ်ရေ၊ ငဝန်မြစ်ရေ၊ တိုးမြစ်ရေတို့သည် အဆိုပါမြစ်များအနီးရှိ မြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ ယခုနှစ်မိုးရာသီကာလတွင် မြစ်ရေတက်မှုများသည် ယခင်နှစ်များနှင့်မတူ ပိုမိုထူးကဲစွာ တက်လာခဲ့ပြီး မြို့ရွာအများအပြားတွင် ရေဝင်နစ်မြုပ်ကာ ရေဘေးဒုက္ခသည်များ ကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်ကြရသည်။

မြစ်ရေတက်မှုကြောင့် အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမိုးခြင်း၊ မြစ်ကမ်းပါးနေရာအချို့၌ ကမ်းပါးပြိုကျခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လမ်းများ၊ တံတားများ ပြိုကျပျက်စီးခြင်း၊ တောင်စောင်း၊ ကမ်းပါးများပြိုကျခြင်း၊ မြေကျွံခြင်း၊ လူနေအိမ်များပျက်စီးခြင်း စသည်တို့ဖြစ်ပေါ်ခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ပွားသော မြို့ရွာများတွင် လျှပ်စစ်မီးများပြတ်တောက်ပြီး စာသင်ကျောင်းများကို ခေတ္တပိတ်ထားရကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးလွတ်ရာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။ ရေဘေးသင့်ပြည်သူများအတွက် ဒေသအလိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ဒေသဆိုင်ရာအစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ရေသန့်နှင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။

အထူးသတိပြုရန်မှာ ဩဂုတ်လအတွင်း လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်သည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်အရ သိရသဖြင့် လာမည့်ကာလများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုပြင်ဆင်ဆောင်ရွက်ဖွယ်ရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အသိပေးညွှန်ပြမှုနှင့်အညီ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကို ကြိုတင်မခန့်မှန်းနိုင်သော်လည်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် မိုးလေဝသနှင့် ဇလဗေဒဌာနမှ အသိပေးထားချက်အရ ဖြစ်ပေါ်လာလျှင် ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ရေဘေးကြုံတွေ့နိုင်ခြေရှိသော ဒေသများအနေဖြင့် မိမိတို့၏အိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် နေအိမ်ကြံ့ခိုင်မှုကို စစ်ဆေးထားရန်လိုအပ်သည်။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန်နေရာများ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်များကို ကြိုတင်သတ်မှတ်ထားရန်လိုသည်။ ရေစိုပြီး ပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးအမြင့်များကို မှတ်သားထားရန်၊ သောက်သုံးရေများ ကြိုတင်စုဆောင်းထားရန်၊ အန္တရာယ်ရှိနိုင်သောနေရာများကို မှတ်သားထားရန်၊ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။

သို့ဖြစ်ရာ ယခုနှစ်မုတ်သုံရာသီတွင် ရေကြီးရေလျှံမှုအန္တရာယ်များနှင့် ကြုံတွေ့နိုင်သောအခြေအနေများ ပိုမိုများပြားသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်သတိပေးလမ်းညွှန်မှုများကို အလေးထားလိုက်နာပြီး သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးနိုင်ခြေနည်းပါးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၇/၂၀၂၄ (ရန်ကုန်)၊ ၂၈/၂၀၂၄ (ရှမ်း)၊ ၃၂/၂၀၂၄ (ရှမ်း)၊ ၃၃/၂၀၂၄ (ရှမ်း)နှင့် ၃၅/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၄ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၃၀/၂၀၂၄ (ကချင်)၊ ၃၇/၂၀၂၄ (ရန်ကုန်)၊ ၃၉/၂၀၂၄ (ပဲခူး)၊ ၄၀/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှု နှင့် တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၃၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၉-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁,၇၃၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၀၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တာချီလိတ်မြို့၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လူငယ်များစာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ "ပညာအလင်းစာကြည့်တိုက်" တွင် ကျင်းပသည်။

ဦးစွာ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးစိုးစိုး (သုတစိုး-နေ့သစ်)က စာအုပ်များ လှူဒါန်းပေးအပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကို၊ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးစိုးစိုး (သုတစိုး-နေ့သစ်)နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးတို့က သုတရသ စာအုပ် ၂၇၀ ကို ပေးအပ်လှူဒါန်းရာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုင်ကျောက်နှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သန်းဇော်(တာချီလိတ်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၃၄၈ | ၃,၁၀၀,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၀,၆၁၅ | ၃၇,၁၅၂,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃,၃၇၃ | ၅,၇၃၄,၁၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅၁ | ၁၄၂,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၉၄၀ | ၁,၆၂၀,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၈ | ၃၈,၄၀၀ |
| MAEX | ၃,၄၅၀ | ၃,၅၀၀ | ၂,၇၆၄ | ၉,၅၅၉,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့ နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လို စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်

- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်**
- **ယင်းလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို အမှန်တကယ်ဆောင်ရွက်နိုင်မည်**
- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လို**
- **အနည်းဆုံး အလယ်တန်းအဆင့်တတ်မြောက်ရန်လိုအပ်သဖြင့် KG+9 အထိ မဖြစ်မနေတက်ရောက်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်**

☆ ရွှေဖုံးမှ

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံများရှိ အစိုးရများအနေဖြင့် ပြည်သူများ၏ စီးပွားရေးတိုးတက်မှုကို လိုလားကြသဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရာတွင်လည်း စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးများလည်း ပါဝင်ကြောင်း။

ပြီးခဲ့သည့် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများ ရှိခဲ့သကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ ရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေလျက် ရှိခြင်းကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ လမ်းခရီး၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုများမရှိအောင် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း။

ကုန်သွယ်မှုများ ဆောင်ရွက်ရန်အတွက် ထုတ်ကုန်ပစ္စည်းများရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆန်ဖူလုံမှုကိုသာမက ပြည်ပပို့ကုန်များကိုလည်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်ပစ္စည်းများ များစွာရရှိမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီထွက်သီးနှံတွင် မြေပဲနှင့်နှမ်းတို့ကို ရိုးရာမုန့်ပဲသရေစာအနေဖြင့်လည်း စားသုံးသကဲ့သို့ ပြည်ပသို့ကုန်ကြမ်းများအတိုင်း တင်ပို့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပဲ၊ နှမ်းတို့အပြင် အခြားဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ်၊ ဆီအုန်းတို့ကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာဟင်းလျာတွင် မပါမဖြစ် သီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ အာလူးစသည့် အခြေခံစားကုန်သီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားများကိုလည်း စနစ်တကျဖြင့် ကျွေးမွေးခြင်း၊ ခြံလှောင်မွေးမြူ ဆောင်ရွက်သွားပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အထွက်နှုန်းများတိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်နှင့် ဒေသန္တရမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြားနိုင်ငံများမှ လုပ်ဆောင်လျက်ရှိသည့် အထွက်နှုန်းတိုးစေမည့် နည်းလမ်းများကိုလည်း အတုယူဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို အခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အနည်းဆုံး အလယ်တန်းအဆင့် တတ်မြောက်ရန်လိုအပ်သဖြင့် KG+9 အထိ မဖြစ်မနေတက်ရောက်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဆက်လက်တက်ရောက်ပညာသင်ကြားနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာ အောင်မြင်မည်ဆိုပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေသေးကြောင်း၊ ထို့ကြောင့်နိုင်ငံအတွက် ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် တိုးတက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် SME လုပ်ငန်းများကို ကဏ္ဍများစွာ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားရန်မှာကြားလိုကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်ကြိုးပမ်း**

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းကို ပြည်ပသို့တင်ပို့မှုမပြုဘဲ ပြည်တွင်း၌အဆင့်မြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဝါမှဝါဂွမ်း၊ လင်တာဂွမ်း၊ ဝါစေ့မှဝါစေ့ဆီကို ထုတ်လုပ်နိုင်ပြီး ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝါဂွမ်းမှ အဆင့်မီသည့်ချည်များကို ထုတ်လုပ်နိုင်ပြီး ထိုမှတစ်ဆင့် ချည်ထည်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် ချည်ထည်စက်မှုလုပ်ငန်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဝါကိုအဓိကစိုက်ပျိုးကြသဖြင့် အဆိုပါတိုင်းဒေသကြီးများမှ ထွက်ရှိသည့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး ဝါဂွမ်းရောင်းချသည့်အဆင့်မှ အဆင့်မီသည့် ချည်နှင့် ချည်ပိတ်များကို ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဝါစိုက်ပျိုးမှုမှရရှိသည့် အကျိုးကျေးဇူးမှာ များစွာကြီးမားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အဆိုပါဒေသကြီးများအနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာရရှိလာမည်ဖြစ်ကြောင်း။

ရေထွက်ပစ္စည်းများသည် မိမိတို့နိုင်ငံအတွက် အထိုက်အလျောက်ဝင်ငွေရရှိကြောင်း၊ မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်းနှစ်ခုရှိပြီး ရေထွက်ပစ္စည်းများမှ ဝင်ငွေများ ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေသယံဇာတ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်**

ယခုနှစ်ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ဖွင့်လှစ်ထားသည့်ကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း အချိန်ပိုများသင်ကြားပေးပြီးကလေးငယ်များ အမှန်တကယ် စာတတ်မြောက်စေရေး သင်ကြားပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံသားအများစုသည် ဝင်ငွေအလယ်အလတ်တန်းရှိသူများနှင့် ဝင်ငွေနည်းကြသူများဖြစ်ကြကြောင်း၊ အစိုးရကျောင်းများ၌ ပညာသင်ကြားနေကြသူအများအပြားရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသူများအနေဖြင့် အတန်းအောင်ရန် အဓိကမဟုတ်ဘဲ ပညာတတ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများကို ခန့်အပ်တာဝန်ပေးအပ်ရာတွင် လိုအပ်သည့် သင်တန်းများကို ပြီးမြောက်ပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေကြသည့် သင်ကြားရေးဆိုင်ရာဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကိုလုံခြုံအေးချမ်းစွာဖြင့် ထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း ပညာရေးဝန်ထမ်းများအား ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကလေးငယ်များကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

တစ်ဆက်တည်းပြောရမည်ဆိုပါက ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် လစာအပြင် ထောက်ပံ့ကြေးများကိုလည်း တိုးမြှင့်ခံစားစေလျက်ရှိကြောင်း၊ အငြိမ်းစားဝန်ထမ်းများကိုပါ ထောက်ပံ့ကြေးတိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းခန့်အပ်မှုများနှင့်ပတ်သက်၍လည်း လိုအပ်သည့်အင်အားကိုသာ စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများကို မဖြစ်မနေခန့်အပ်သွားရန်မှာကြားထားပြီးဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများကို ပြည့်မီစွာခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ကြားရေးဆိုင်ရာ အဆောက်အအုံများကိုလည်း လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ**

ကျန်းမာရေးပိုင်းနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ယူစဉ်ကာလအတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးပိုင်းတွင် ဝန်ထမ်းများ ပြည့်မီစွာခန့်အပ်နိုင်ရေးနှင့် ဆေးပစ္စည်းများ ပြည့်စုံမှုရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း အထူးရန်ပုံငွေမှ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဇူလိုင် ၂၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော် ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ၇ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသော ရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၃၈)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ (ဖုန်း ၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၃၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

☆ စာမျက်နှာ ၃ မှ

**"ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်"၊ "လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ"၊ "ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်"**စသည့်မူဝါဒများဖြင့် ကျန်းမာရေးပိုင်းကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် လိုအပ်သည့် အသိပညာပေးမှုများကိုလည်း ဖိဖိစီးစီးဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ အမှုအခင်းများဖြစ်ပွားမှုအများစုမှာ အသိပညာ အားနည်းခြင်းနှင့် ငွေကြေးအခက်အခဲများကို မမှန်ကန်သည့် နည်းလမ်းများဖြင့်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်းတို့ကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အမှုအခင်းဖြစ်ပွားမှု များပြားသည့်ဒေသများ၌ ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးမှုများ၊ ထိန်းသိမ်းကြပ်မတ်မှုများကို ထိထိမိမိ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဒေသတွင်း၌ ဘေးကင်းလုံခြုံစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အထူးသဖြင့် KG+ 11 နှင့် KG+12 ကျောင်းသားကျောင်းသူများအား ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေးအတွက်လည်း ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသွားမည်ဆိုပါက မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာအောင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု**

အထွေထွေပိုင်းနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အထက်အောက်ဆက်ဆံရေး ကောင်းမွန်ရန်နှင့် မိမိတို့ တာဝန်ယူထားရသည့် လုပ်ငန်းရပ်များအလိုက် တာဝန်ကို ကျေပွန်အောင် ကြည်သာရွှင်ပျစွာဖြင့် ထမ်းဆောင်နိုင်ရေး အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် အကြီးအကဲများအနေဖြင့်လည်း ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှ အုပ်ချုပ်ကြရန်လိုပြီး သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင်ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်းမျှတမှုများရှိအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံကာ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကို သိရှိအောင်ဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း။

**ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲနှင့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်သွားမည်**

လာမည့် အောက်တိုဘာလတွင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလတွင် အမျိုးသားအားကစားပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားကျင်းပသည်ဆိုသည်ထက် အနှစ်သာရရှိသည့် ယှဉ်ပြိုင်မှုအရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကျင်းပရာတွင် ညီညွတ်မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆိုကရေးတီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် အမျိုးသားရေး စရိုက်လက္ခဏာကို ဖော်ကျူးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲ ကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိပြီး အဆင့်အတန်းရှိရှိဖြင့် ယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ အဆိုပါ ပြိုင်ပွဲနှစ်ခုစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ တရားမျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက်၌ အစိုးရများအနေဖြင့် စီးပွားရေးစနစ်အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခု ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရကပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနှင့် အစိုးရက ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သမဝါယမစနစ်သည် သင့်လျော်သည့် စနစ်တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း(၄)ချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင် ဆောင်ရွက်သွားစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

**☆ အခြေခံပညာအောင်မြင်ပြီးမြောက်သူများသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့်ပညာရပ်များကို ၎င်းနယ်ပယ်၌သာ ပြန်လည်အသုံးချရန်လိုအပ်**

**☆ နိုင်ငံအတွက် ပညာရှင်လူငယ်များလိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်**

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာအောင်မြင်ပြီးမြောက်သူများသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့် ပညာရပ်များကို ၎င်းနယ်ပယ်၌သာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ဆေးပညာ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပညာရှင်များစွာလိုအပ်သည့်အတွက် သက်ဆိုင်ရာကျောင်းများနှင့် တက္ကသိုလ်များက သင်ကြားမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်လူငယ်များလိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များရှိကြောင်း၊ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း တပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာများ လိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ၎င်းတို့တာဝန်ထမ်းဆောင်ရာ ဧရိယာအတွင်း၌ ဝန်ထမ်းအိမ်ရာများ မဖြစ်မနေ ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတော်နှင့် ပတ်သက်၍ အကြောင်းကိစ္စရပ်များရှိပါက အချိန်မီတင်ပြကြရန်နှင့် မူဝါဒနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---



# အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်

**နေပြည်တော် ဇူလိုင် ၂၉**

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဩဂုတ် ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၇)နှစ်မြောက်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၇)နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် အဆိုပါ အခမ်းအနား ကျင်းပသည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Zheng Zijie နှင့် တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။




အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် (၉၇) နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Zheng Zijie က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တရုတ်စစ်သံမှူးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၇)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား အားကစားပွဲတော်တွင် နောက်ဆုံး အတည်ပြုစာရင်းများအရ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အုပ်ချုပ်သူ/ နည်းပြနှင့် အားကစားသမား အင်အား စုစုပေါင်း ခန့်မှန်း ၆၆၇၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မသန်စွမ်း အားကစားနည်း လေးနည်းကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆပ်ကော်မတီအလိုက် ကုန်ကျနိုင်မည့် လျာထားအသုံးစရိတ် အသေးစိတ်စာရင်းများကို တင်ပြပေးရန်နှင့် ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ပေးရန် ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သတ်မှတ်ခွင့်ပြုငွေ ပမာဏအပေါ် မူတည်၍ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကောင်းဆုံး ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်စေရေးအတွက် အခမ်းအနားများတွင် မီးရှူးမီးပန်း ပစ်ဖောက်နိုင်ရေး၊ အခမ်းအနား ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ အားလုံး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ဆပ်ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲရန် လျာထား ကုန်ကျစရိတ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ "ဝ" ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ၂၁:၀၀နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ဘက်စုံအသုံးဝင်သည့် အဖိုးတန်ရွှေကောက်ရိုး

ကေအောင်(မဟာဝိဇ္ဇာ)

ကောက်ရိုးဆိုသည်က စပါးရိတ်သိမ်းပြီးခြွေလှေ့ကာ ကျန်ရှိခဲ့သော စပါးရိုးများဖြစ်သည်။ ကောက်ရိုးကို တောင်သူအများစုက တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြပါသည်။ အချို့ကလည်း လယ်မြေထဲတွင် မီးရှို့ပြီး မြေကြီးအာဟာရဓာတ်ရရှိအောင် ပြုလုပ်ကြပါသည်။ သို့သော် ထိုသို့မီးရှို့ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်သောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေပါသည်။ ထို့ပြင် မြေကြီးထဲရှိ အကျိုးပြုအဏုဇီဝပိုးများနှင့် သက်ရှိအများစုကို သေဆုံးနိုင်ပါသည်။ ကောက်ရိုးများကို တိရစ္ဆာန်အစာအတွက်သာမက အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်သည့် နည်းလမ်းပေါင်းစုံရှိနေသည်ကို လေ့လာတင်ပြသွားပါမည်။

## ယူရီးယားဖြင့်ပြုပြင်ပြီး တိရစ္ဆာန်အစာအဖြစ်အသုံးပြုခြင်း

မိမိတို့နိုင်ငံတွင် ကောက်ရိုးကို ကျွဲ၊ နွားအစာအဖြစ် ကျွေးမွေးခဲ့ကြသည်မှာ ရှေးပဝေသဏီကတည်းကပင် ဖြစ်ပါသည်။ အများစုမှာ ပုံမှန်အတိုင်းသာ ကျွေးမွေးကြပြီး ကောက်ရိုးကို ပြုပြင်မွမ်းမံ၍ ကျွေးမွေးခြင်းမှာ ရှားပါးလှပါသည်။ ကောက်ရိုးတွင် အသားဓာတ်ပါဝင်မှုနည်းပါးပြီး အမျှင်ဓာတ်ပါဝင်မှုသာများသောကြောင့် အာဟာရဖြစ်မှုနည်းပါးသည်။ ထို့အပြင် ကောက်ရိုးတွင်ပါဝင်သော အမျှင်ဓာတ် (ခေါ်) လစ်ဂနင် (Lignin) ဓာတ်ကို ကျွဲ၊ နွားများ၏ အစာအိမ်ကခြေဖျက်မရခြင်းကြောင့် ဗိုက်ကြီးတစ်ခုလုံးပြည့်နေအောင် စားထားသော်လည်း ကြီးထွားမှုနှုန်း နည်းပါးသောကြောင့် ကျွေးသလောက်အကျိုးမရှိပေ။ ထို့ကြောင့် ကောက်ရိုးကို အာဟာရပိုဖြစ်ပြီး ကျွဲ၊ နွားများ အသားတိုးနှုန်းပိုလာစေရန်အတွက် ကောက်ရိုးတွင်ပါဝင်သော လစ်ဂနင်ဓာတ်ကို ယူရီးယားနှင့် ခြေဖျက်ရပါသည်။ ကောက်ရိုးတစ်ကီလိုဂရမ်အတွက် ရေတစ်လီတာနှင့် ယူရီးယား ၅၀ ဂရမ်နှုန်း ဖျော်ပြီး ဖျန်းပေးရမည်ဖြစ်ပါသည်။

ကောက်ရိုးပြုပြင်ရန်အတွက် မိမိပတ်ဝန်းကျင်ရှိသမံတလင်းခင်းထားသော အခန်း၊ ကျင်း၊ သံပုံး၊ ပလတ်စတစ်ပုံးကြီးများအတွင်းသို့ ကောက်ရိုးကို သေချာစွာနင်းသိပ်ရမည်။ ပြီးလျှင် ယူရီးယားအရည်ကို နှံ့စပ်စွာဖျန်းပြီး လေလုံအောင်ဖုံးအုပ်ထားရန်လိုပါသည်။ ထိုသို့ လေလုံအောင်ဖုံးထားပြီး နှစ်ပတ်၊ သုံးပတ်ကြာသည့်အခါ ပြုပြင်ပြီးကောက်ရိုးကို ကျွဲ၊ နွားများကျွေးရန် အဆင်သင့်ဖြစ်ပြီဖြစ်ပါသည်။ မကျွေးမီ နှစ်နာရီမှ ခြောက်နာရီအကြား လေသလပ်ခံရန် လိုအပ်ပါသည်။ ယူရီးယားဖြင့် ပြုပြင်ထားသော ကောက်ရိုးကို ကျွဲ၊ နွားများအားကျွေးပါက ပိုမိုစားသည့်အပြင် အကောင်ကြီးထွားနှုန်းကောင်းမွန်ပြီး ရောဂါခံနိုင်ရည်စွမ်းအား ရှိလာသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန်လွယ်ကူသော ထိုနည်းလမ်းကို တောင်သူလယ်သမားများ အနေဖြင့် အကျိုးရှိရှိ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် မိမိမွေးမြူထားသော ကျွဲ၊ နွားများကို အဖိုးနည်းဝန်ပါ အစားအစာများကို ကျွေးမွေးနိုင်မည်ဖြစ်ပါသည်။

## အာဟာရဖြည့် နွားစာတုံးပြုလုပ်ခြင်း

အာဟာရဖြည့်နွားစာတုံးဆိုသည်မှာ ကောက်ရိုးကို ပဲဖတ်၊ နှမ်းဖတ်၊ ကစီဓာတ်နှင့် ဆားရောပြီး အတုံးပြုလုပ်ထားခြင်းဖြစ်သည်။ ထိုအာဟာရဖြည့် နွားစာတုံးမှာ ကောက်ရိုး ၈၅ ရာခိုင်နှုန်း၊ ပဲဖတ်/နှမ်းဖတ် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ကစီဓာတ် (ကော်မှုန့်) ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဆားတစ်ရာခိုင်နှုန်းနှင့် အာဟာရစုံ နှစ်ရာခိုင်နှုန်းရောစပ်ပြီး ဟိုက်ဒရောလစ်ဖိအားဖြင့် ဖိနှိပ်ပြုလုပ်ထားခြင်းဖြစ်သည်။ ဥပမာ အာဟာရဖြည့်နွားစာတုံး ပိဿာ ၁၀၀ ပြုလုပ်မည်ဆိုလျှင် ယူရီးယားမြေဩဇာ၊ ရေဖြင့်နှပ်ထားသည့် ကောက်ရိုး ၈၅ ပိဿာ၊ ပဲဖတ် သို့မဟုတ် နှမ်းဖတ် ၄ ဒသမ ၅ ပိဿာ၊ ဆန်မှုန့် သို့မဟုတ် ဂျုံမှုန့်၊ ဖွဲနုမှုန့် ၇ ဒသမ ၅ ပိဿာ၊ ဆားတစ်ပိဿာ၊ အာဟာရစုံသတ္တုဓာတ်အရော နှစ်ပိဿာနှင့် ရောစပ်ရန်လိုပါသည်။ မြေပဲရိုး၊ ပဲစင်းငုံရိုး၊ ပဲလွမ်းရိုး စသည့် ဘေးထွက်ပစ္စည်းများပါရော၍ ထည့်နိုင်ပါသည်။ အညာဒေသ၌ ဒေသထွက် ကောက်ပဲသီးနှံအရွက်၊ အရိုးအပြင် အခြားအာဟာရဖြစ်စေသည့် အရွက်၊ အရိုးများကိုပင် လက်တွေ့အသုံးပြုကြကြောင်း တွေ့ရသည်။ ကျွဲ၊ နွားများပင်ပန်းပြီး အားအင်ကုန်ခန်းသည့်အခါ ကျွေးမွေးရန်၊ ခရီးသွားသည့်အခါ အလွယ်တကူသယ်ယူနိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါသည်။

## မြေဆွေးပြုလုပ်ခြင်း

ကောက်ရိုးများကို မြေဆွေးပြုလုပ်ခြင်းသည်လည်း အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ကိုင်နေသူများအတွက် အလွန်အရေးပါပါသည်။ စပါးစိုက်တောင်သူများအတွက်လည်း ရရှိလာသော မြေဆွေးများကို မိမိတို့စိုက်ခင်းများတွင် ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် မြေဩဇာကုန်ကျစရိတ်ကို များစွာသက်သာစေပါသည်။

ကောက်ရိုးများကို စုဆောင်းပြီး ကောက်ရိုးမြေဆွေး ပြုလုပ်မည့်နေရာကို ရွေးချယ်ရာတွင် ထိုနေရာသည် ရေလွှမ်းမိုးမှုမရှိသော နေရာဖြစ်ရပါမည်။ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်မှာ ပထမအလွှာကို ကောက်ရိုးများဖြင့် ဖြန့်ခင်းပါ။ ကောက်ရိုးများ အလွန်ခြောက်သွေ့နေပါက ရေလောင်းပြီးဖိသိပ်ပါ။ အီးအမ်ဖျော်ရည်ကို နှံ့စပ်စွာပက်ဖျန်းပါ။ သို့သော် အလွန်အမင်း မများစေရပါ။ ထို့နောက် ဒုတိယအလွှာကို ကောက်ရိုး၊ ဗေဒါပင်၊ ငှက်ပျောရွက်တို့ဖြင့် ဖြန့်ခင်းပါ။ ထိုနည်းအတိုင်း စုစုပေါင်း ခြောက်လွှာ ပြုလုပ်ရပါမည်။

အီးအမ်ဖျော်ရည်နှင့် ရေကို နှံ့စပ်စွာ ထပ်မံပက်ဖျန်းပါ။ နောက်ဆုံးအဆင့်အနေဖြင့် ကောက်ရိုးမြေဆွေးပုံကို ပလတ်စတစ်ဖြင့် ဖုံးအုပ်ပါ။ သဘာဝမြေဩဇာပုံကို မကြာခဏ စစ်ပေးပါ။ အကယ်၍ ခြောက်သွေ့နေလျှင် ရေဖျန်းပေးရပါမည်။ တစ်လခွဲကြာလျှင် သဘာဝမြေဩဇာပုံကို ဘေးဘယ်ညာ၊ အထက်အောက်ပြောင်းပြန်လှန်ပေးပါ။ သုံးလမှ ငါးလကြာလျှင် အသုံးပြုရန် အဆင်သင့်ဖြစ်ပြီဖြစ်ပါသည်။ ထိုသို့ သဘာဝကောက်ရိုးမြေဩဇာကို တောင်သူများ စနစ်တကျ လုပ်ဆောင်ကြမည်ဆိုပါက ဓာတ်မြေဩဇာသုံးစွဲမှုကို အထိုက်အလျောက် လျှော့ချသုံးစွဲနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကုန်ကျစရိတ် လျှော့နည်းလာမည်ဖြစ်ပါသည်။

## ကောက်ရိုးမှိုစိုက်ပျိုးခြင်း

ကောက်ရိုးမှိုသည် မြန်မာလူမျိုးတို့ နှစ်သက်စွာစားသုံးကြပြီး ကောက်ရိုးမှိုစိုက်ပျိုးခြင်းသည် မြန်မာလူမျိုးတို့နှင့် မစိမ်းပါ။ သဘာဝအလျောက် ကောက်ရိုးပုံ၊ ကောက်ရိုးပြတ်ပုံ၊ နှမ်းပြောင်းရိုးပုံ၊ ဂုန်လျှော်အဆွေးပုံများမှ အလိုအလျောက် ကောက်ရိုးမှိုများ ပွင့်လာသည်ကို တွေ့ရတတ်ပေသည်။ ကောက်ရိုးမှိုသည် စိုက်ပျိုးရလွယ်ပြီး ဈေးကွက်လည်းရှိသဖြင့် ကောက်ရိုးမှိုစိုက်နည်းကို တင်ပြလိုက်ပါသည်။

ကောက်ရိုးမှို ပြုလုပ်ရန်အတွက် သန့်ရှင်းခြောက်သွေ့သော ကောက်ရိုးများကို အလျားသုံးပေ၊ အချင်း ရှစ်လက်မမှ ၁၀ လက်မအရွယ်အထုံးများရရှိအောင် ကျစ်လျစ်စွာထုံးပြီး တစ်ညရေစိမ်ကာ ရေစစ်ထားရပါမည်။ ပထမအလွှာအတွက် ကောက်ရိုးထုံး ခုနစ်ထုံးကို ကပ်၍စီပါ။ အလွှာ၏ ဘေးနားပတ်လည်မှ သုံးလက်မအကွာတွင် မှိုမျိုးတစ်ထုပ်ကို ဖြူးထည့်ပေးပါ။ ဒုတိယအလွှာအတွက် ကောက်ရိုးထုံး ခုနစ်ထုံးကို ကန့်လန့်ဖြတ်ဖြန့်ခင်းပြီး မှိုမျိုးတစ်ထုပ်ကို ပထမအလွှာကဲ့သို့ ထည့်ပေးရပါမည်။ ထိုနည်းအတိုင်း အလွှာငါးလွှာအထိ ထပ်စီရပါမည်။ အပေါ်ဆုံးအလွှာတွင် မှိုမျိုးထည့်ရန်မလိုပါ။

မှိုမျိုးထည့်ပြီးသော ကောက်ရိုးထုံးအပုံကို ပလတ်စတစ်ဖြင့်အုပ်ပြီး သက်ငယ်ဖြင့် ထပ်မံအုပ်ပေးရပါမည်။ စိုက်ပျိုးပြီး ၁၄ ရက်၊ ၁၅ ရက်ခန့်အကြာတွင် မှိုများကို စတင်ခူးနိုင်ပါပြီ။ အနည်းဆုံး လေးကြိမ်မှ ခြောက်ကြိမ်၊ ရှစ်ကြိမ်အထိ ခူးနိုင်ပါသည်။ မှိုအထွက်နှုန်းမှာ တစ်ပိဿာခွဲမှ သုံးပိဿာအထိ ထွက်ရှိနိုင်ပါသည်။ ကောက်ရိုးမှိုသည် အရောင်းအဝယ်လိုက်သဖြင့် မှိုစိုက်သူများအတွက် ဝင်ငွေလည်းရ အဆင်လည်းပြေစေသည့် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

## ကောက်ရိုးစက္ကူပြုလုပ်ခြင်း

စက္ကူကို ဝါးပင်ကသာ အဓိကရရှိကြောင်း မိမိတို့ သိရှိခဲ့ကြပြီးဖြစ်ပါသည်။ သို့သော် စက္ကူကို ကောက်ရိုးမှ ထုတ်လုပ်၍ရသည်ကိုမူ သိရှိသူနည်းပါးပါလိမ့်မည်။ မှန်ပါသည်။ ကောက်ရိုးကနေ စက္ကူထုတ်လုပ်၍ ရပါသည်။ ထိုသို့ အဖိုးတန်သောကောက်ရိုးမှ စက္ကူထုတ်လုပ်နည်း အဆင့်ဆင့်ကို တင်ပြပေးပါမည်။

စက္ကူထုတ်လုပ်ရန်အတွက် လိုအပ်သောပစ္စည်းများမှာ ကောက်ရိုး၊ တာကမ်ပေါင်ဒါ၊ ဆိုဒီယမ်ဆီလီကိတ်၊ ပိုတက်ဆီယမ်ဟိုက်ဒရောဆိုက်၊ ကျောက်ချဉ်၊ ထင်းရှူးဆီ၊ ဆိုဒါမှုန့်၊ ကစီဓာတ်နှင့် ဆိုးဆေးများ ဖြစ်ပါသည်။ စာမျက်နှာ ၇ သို့ ○

> ❛ ယူရီးယားဖြင့် ပြုပြင်ထားသော ကောက်ရိုးကို ကျွဲ၊ နွားများအားကျွေးပါက ပိုမိုစားသည့် အပြင် အကောင်ကြီးထွားနှုန်းကောင်းမွန်ပြီး ရောဂါခံနိုင်ရည်စွမ်းအားရှိလာသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန်လွယ်ကူသော ထိုနည်းလမ်းကို တောင်သူလယ်သမားများအနေဖြင့် အကျိုးရှိရှိ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် မိမိမွေးမြူထားသော ကျွဲ၊ နွားများကို အဖိုးနည်းဝန်ပါ အစားအစာများကို ကျွေးမွေးနိုင်မည် ❜



ကောက်ရိုးများကို ယူရီးယားဖြင့် ပြုပြင်နေစဉ်။



ကောက်ရိုးမှို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၉

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွိုင်လင်မြို့တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

လွိုင်လင် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယနေ့နံနက်ပိုင်းက လွိုင်လင်မြို့ အထက(၁)၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှန်ဦးကို လွိုင်လင်တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲမှူး၊ ခရိုင်ပညာရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များ၊ စီမံဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်များက ဓာတ်ပုံပြခန်း၊ စာအုပ်ပြခန်း၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲနှင့် ရေခွက်စီပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ကစားနေသည်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**လွိုင်လင်မိုး(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

လိုအပ်သောစက်ပစ္စည်းများမှာ ပျော့ဖတ်ကြိတ်စက်၊ စက္ကူပုံသွင်းစက်၊ ရေညှစ်စက်၊ အချောကိုင်စက်နှင့် စက္ကူဖြတ်စက်တို့ ဖြစ်ပါသည်။

ပထမဦးစွာ ကောက်ရိုးများကို ပိုတက်ဆီယမ်ဟိုက်ဒရောဆိုက် ၁၅ ရာခိုင်နှုန်းရော၍ ငါးနာရီကြာ ပြုတ်ပေးရပါမည်။ ပြုတ်ပြီးသားကောက်ရိုးများကို ရေဆေးပေးရပါမည်။ ပါဝင်သော ဓာတုပစ္စည်းများကိုလည်း ပြင်ဆင်ထားပါ။ ထို့နောက် ပျော့ဖတ်ကြိတ်စက်ထဲသို့ ရေတစ်ဝက်ခန့်ဖြည့်ပြီး ကောက်ရိုးများကို ၁၀ နာရီကျော်ခန့် ကြိတ်ချေပါ။

ပြီးလျှင် ပါဝင်သော ဓာတုပစ္စည်း တစ်မျိုးချင်းစီထည့်၍ ငါးမိနစ်ခန့်စီ ကြိတ်ချေပါ။ ထို့နောက် ၁၅ မိနစ်ခန့် ထပ်မံကြိတ်ချေခြင်းဖြင့် ကောင်းမွန်သောပျော့ဖတ်ကို ရရှိစေပါသည်။ ရရှိလာသော ပျော့ဖတ်များကို ပလတ်စတစ်ကန်ထဲသို့ထည့်ပါ။ ပျော့ဖတ်များကို မိမိပြုလုပ်မည့် စက္ကူပမာဏအတိုင်း ချိန်တွယ်၍ ပုံစံခွက်ထဲသို့ထည့်ခြင်းဖြင့် စက္ကူအစိုကိုရရှိပါမည်။ ပုံစံခွက်ထဲမှ စက္ကူအစိုများကိုယူပြီး တစ်ချပ်ချင်း အဝတ်စပါးပါးဖြင့်ခံ၍ ထပ်ထားပါ။ စက္ကူအစိုတွင်ရှိသော ရေများကုန်စင်သွားစေရန် ဟိုက်ဒရောလစ်ဖိစက်ဖြင့် ရေများဖိထုတ်ပါ။ ထို့နောက် တစ်နာရီခန့် နေလှန်းပြီး အရိပ်ထဲတွင် တစ်ညချိတ်ဆွဲထားပါ။ ပြီးလျှင် စက္ကူအရောင်တင်ချောမွေ့စက်တွင်ထည့်ကာ ချောမွေ့အောင်ပြုလုပ်ပါ။ နောက်ဆုံးအဆင့်အနေဖြင့် မိမိအလိုရှိသည့် စက္ကူအရွယ်အစားအတိုင်း စက္ကူဖြတ်စက်ဖြင့် ဖြတ်တောက်ပြီး အသုံးပြုနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၅ သန်းရှိပါသည်။ ကောက်ရိုးထွက်ရှိမှုအနေဖြင့် လယ်တစ်ဧကလျှင် ကောက်ရိုးနှစ်တန်ထွက်ရှိသောကြောင့် စပါးရိတ်သိမ်းပြီးချိန်တွင် ကောက်ရိုးတန်သန်း ၃၀ ရရှိပါမည်။ တန်သန်း ၃၀ သည် ပိဿာအားဖြင့် ၁၈၃၇ ဒသမ ၂ သန်း ရှိပါသည်။ တိရစ္ဆာန်များအား အစာကျွေးမွေးမှုတွက်ချက်ကြည့်ပါက ကျွဲတစ်ကောင်လျှင် တစ်ရက်အတွက် ကောက်ရိုးခုနစ်ပိဿာနှုန်းဖြင့် ကျွေးမွေးရပါသည်။ ထို့ကြောင့် ကျွဲတစ်ကောင်ကို တစ်နှစ်ပတ်လုံးကျွေးမွေးရန် ကောက်ရိုး ၂၅၅၅ ပိဿာကုန်ကျပါမည်။ ထို့ကြောင့် ကောက်ရိုး တန်သန်း ၃၀ အတွက် ကျွဲ ၇၁၉၀၆၀၆ ကောင်ကို ကျွေးနိုင်ပါမည်။ ထို့အတူ နွားတစ်ကောင်လျှင် တစ်ရက်အတွက်ကောက်ရိုး ခြောက်ပိဿာနှုန်းဖြင့် ကျွေးပါက တစ်နှစ်လျှင် ကောက်ရိုး ၂၁၉၀ ပိဿာ ကုန်ကျပါမည်။ ထို့ကြောင့် ကောက်ရိုး တန်သန်း ၃၀ အတွက် နွား ၈၃၈၉၀၄၁ ကောင်ကို ကျွေးနိုင်ပါမည်။ လယ် ၁၀ ဧကရှိသော တောင်သူများအတွက် ကောက်ရိုးတန် ၂၀ ထွက်ရှိပါမည်။ ကျွဲ၊ နွားများအား သတ်မှတ်ထားသော ပမာဏအတိုင်းကျွေးပါက တစ်နှစ်ပတ်လုံး ကျွဲငါးကောင် သို့မဟုတ် နွားခြောက်ကောင်အား လုံလောက်အောင် ကျွေးမွေးနိုင်ပါသည်။

ကောက်ရိုးဖြင့် စက္ကူလုပ်ရာတွင် အထက်ပါ စက္ကူလုပ်နည်းအတိုင်း ဆောင်ရွက်ပါက ကောက်ရိုး တစ်ပိဿာလျှင် ပျော့ဖတ် ၅၀ ကျပ်သား ရှိပါမည်။ ထို့ကြောင့် ယခုနှစ်တွင် စိုက်ပျိုးထားသော စပါးလယ် ၁၅ သန်းအတွက် ကောက်ရိုးတန်ချိန် သန်း ၃၀ (၁၈၃၇ ဒသမ ၂ ပိဿာသန်း) ထွက်ရှိပါမည်။ ကောက်ရိုးပိဿာ ၁၈၃၇ ဒသမ ၂ သန်းအတွက် ပျော့ဖတ်ပိဿာ ၉၁၈ ဒသမ ၆ သန်းရရှိပါမည်။ ကောက်ရိုးပျော့ဖတ်များဖြင့် တန်ဖိုးမြင့်စက္ကူထုတ်ကုန်များ ပြုလုပ်သုံးစွဲနိုင်သောကြောင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြင့် နိုင်ငံခြားငွေ သုံးစွဲရမှုကို များစွာသက်သာစေမည်ကို တွေ့ရှိနိုင်ပါသည်။

စိုက်ပျိုးထားသော မိုးစပါး ၁၅ သန်းမှ ထွက်ရှိလာသောကောက်ရိုးတန် သန်း ၃၀ ကို ကျွဲ၊ နွား များအား ၅၀ ရာခိုင်နှုန်း၊ စက္ကူပျော့ဖတ်အတွက် ၅၀ ရာခိုင်နှုန်း အသုံးပြုပါက ကောက်ရိုးတန် ၁၅ သန်း (ပိဿာ ၉၁၈ ဒသမ ၆ သန်း)ရရှိပါမည်။ ကျွဲတစ်ကောင်လျှင် တစ်ရက် ခုနစ်ပိဿာ နှုန်းဖြင့် တစ်နှစ်ပတ်လုံးကျွေးပါက ကျွဲစုစုပေါင်း ၃၅၉၅၃၀၃ ကောင် ကျွေးနိုင်ပါမည်။ နွားတစ်ကောင်လျှင် တစ်ရက် ခြောက်ပိဿာနှုန်းဖြင့် တစ်နှစ်ပတ်လုံးကျွေးပါက နွားကောင်ရေ ၄၁၉၄၅၂၀ ကို ကျွေးနိုင်ပါမည်။ ကျန်ကောက်ရိုးတန် ၁၅ သန်းကို စက္ကူပျော့ဖတ်ပြုလုပ်ပါက တန်ချိန် ၇ ဒသမ ၅ သန်းရရှိပါမည်။ စပါးပင်ဘေးထွက်ပစ္စည်းဖြင့် တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးနိုင်ပါက ကုန်ကျစရိတ်ကို များစွာသက်သာစေနိုင်သည့်အပြင် ကောက်ရိုးပျော့ဖတ်ကို ဆောင်ရွက်နိုင်ပါက စပါးစိုက်ပျိုးသည့်တောင်သူများ ဝင်ငွေတိုးတက်စေပြီး ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း များစွာရရှိစေနိုင်ပါသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးစားသုံးသည့်နိုင်ငံဖြစ်ပါသည်။ စပါးမှ ဆန်ရရှိသကဲ့သို့ ကျန်ရှိခဲ့သော ကောက်ရိုးသည်လည်း စွန့်ပစ်စရာမလိုဘဲ နည်းလမ်းပေါင်းစုံဖြင့် အကျိုးပြုလျက်ရှိရာ စပါးတစ်ပင်လုံးသည် လူသားတို့အတွက် အသုံးဝင်သော အဖိုးတန်အပင် ဖြစ်ပါသည်။ ကောက်ရိုးသည် ကျွဲ၊ နွားများအတွက် အစားအစာဖြစ်သကဲ့သို့ စနစ်တကျ အသုံးချနိုင်လျှင် လူသားတို့အတွက် အကျိုးရှိသော ကုန်ကြမ်းပစ္စည်းများအဖြစ် လူမှုစီးပွားဘဝများ တိုးတက်လာစေရန် အထောက်အပံ့များဖြစ်ပါသည်။ ထို့ကြောင့် ကောက်ရိုးများကို မီးရှို့ပစ်ခြင်းမပြုလုပ်ကြဘဲ ဖော်ပြခဲ့သော နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အဖိုးတန်ရွှေကောက်ရိုးများကို အကျိုးရှိစွာ အသုံးချနိုင်ကြပါရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်အားပေး



နေပြည်တော် ဇူလိုင် ၂၉

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်သည့် လျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြာအင်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် MSME အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာပေါင်း ၂၂၁ ရွာကို ရွေးချယ်ပြီး ဝင်ငွေတိုးစီမံကိန်းသင်တန်းများကို ဖွင့်လှစ်ရာတွင် ဒေသခံပြည်သူများ၏လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများကိုသာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားခြင်းကို စိတ်ပါဝင်စားပြီး ထူးချွန်သူ၊ အမှန်တကယ် လုပ်ငန်းထူထောင်လိုသူ ငါးဦးကို စနစ်တကျရွေးချယ်ပြီး သင်တန်းဆင်းသည့်အခါ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် လက်သုံးကိရိယာများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လိုအပ်သည့် အရင်းအနှီး မတည်ပေးပြီး လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မတည်ထောက်ပံ့ပေးထားသည့် လုပ်ငန်းသုံးပစ္စည်းများ အသုံးချခြင်း ရှိ/ မရှိ၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအောင်မြင်ပြီး အမှန်တကယ် မိသားစုဝင်ငွေတိုးရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက် တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယခုဖွင့်လှစ်သော သင်တန်းတွင် သင်တန်းသား ၁၂ ဦးကို ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးကို သတ်မှတ်ချက်များနှင့် ရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်သည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် ကာလတိုသင်တန်းများအပြင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။ ယခုသင်တန်းကို ဒေသခံပြည်သူများအနေဖြင့် အိုးမကွာ၊ အိမ်မကွာနှင့် မိသားစုဝင်ငွေ တိုးပွားရေး ဆောင်ရွက်နိုင်ပြီး ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှုမရှိသည့် လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ပေးခဲ့သော အခြေခံစက်ချုပ်သင်တန်းအောင်မြင်ပြီး တစ်ပိုင်တစ်နိုင်စက်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် Family စက်ချုပ်ဆိုင်သို့ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြိတ်မြို့တွင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်



မြိတ် ဇူလိုင် ၂၉

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၉ နာရီခွဲက မြိတ်တောင်ကျေးရွာ ဘုတ်ချောင်းရပ် ချမ်းအေးကျောင်းတိုက်တွင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်နန်းနန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းနှင့် စပ်လျဉ်းသည်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသုံး သင်ထောက်ကူ ပစ္စည်းများကို မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက သင်တန်းတာဝန်ခံအား ပေးအပ်ပြီး တက်ရောက်လာကြသူများက သင်တန်းသုံး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်း၌ ငါးပိထောင်းအမျိုးမျိုး၊ မရမ်းပြားငါးပိကြော်၊ ပုစွန်ခြောက်ငါးပိကြော်၊ မကျည်းသီးငါးပိကြော်၊ အသားတုငါးပိကြော်၊ မြေပဲဆန်ငါးပိကြော်၊ ပုစွန်ငံပြာရည်ငါးပိကြော်၊ ငါးခြောက်ဗာလချောင်ကြော်အမျိုးမျိုး၊ သီဟိုဠ်စေ့ ဗာလချောင်ကြော်၊ သရက်သီးသနပ်၊ မရမ်းသီးသနပ်၊ သံပရာသီးသနပ် ပြုလုပ်နည်း စသည့် ဘာသာရပ်များကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# ကွမ်းခြံကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

ကွမ်းခြံကုန်း ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွပ်ကဲမှုအောက်ရှိ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက တောင်ကုန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက တောင်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၁ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၅၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

# တွံတေးမြို့နယ်၌ Bakery အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်



တွံတေး ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သန်လျင်ခရိုင်မှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူတို့၏ မိသားစုဝင်ငွေတိုးရေး စီမံကိန်း အစီအစဉ်ဖြင့် တွံတေးမြို့နယ် ကျွန်းတောရပ်ကွက်တွင် Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျွန်းတောရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တွံတေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျွန်းတောရပ်ကွက်တာဝန်ခံ ဦးကျော်စိုးသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြီးမှူးကျင်းပသော (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။



**တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့**

အဆိုပါ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်အတွက် တက္ကသိုလ် ၁၇ ခု၊ သူနာပြု/သားဖွား/နှီးနွှယ်သင်တန်းကျောင်း ၅၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင် လိုအပ်သော ခေတ်မီနည်းပညာမြင့်၊ အရည်အသွေးမြင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံအဆောက်အအုံများနှင့် သင်ကြားရေးဆေးရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးတက္ကသိုလ်များနှင့် သူနာပြုတက္ကသိုလ်များတွင် ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်း (Outcome–Based Curriculum) ဖြင့် သင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter–Professional Education)နှင့် ဆေးပညာကျင့်ဝတ် (Professional Ethics) ပိုင်းဆိုင်ရာတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

ထို့ပြင် ဘွဲ့လွန်ဆေးပညာသင်တန်း ၁၄၁ ခုကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပြည်ပပညာသင် ကာလတို၊ ကာလရှည်သင်တန်းများ တက်ရောက်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲတွင် KG+12 ပညာရေးစနစ်သစ်အရ ဘွဲ့ကြိုသင်တန်းအသီးသီး၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ခေတ်ကာလပြောင်းလဲတိုးတက်မှုနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေး ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ခဲ့မှု အခြေအနေများ၊ ယနေ့မျက်မှောက်ခေတ် ဆေးပညာသင်ကြားရေး၏ ပြောင်းလဲတိုးတက်နေမှုများနှင့် (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နှီးနှောဖလှယ်ပွဲ ပထမနေ့ အစီအစဉ်များကို သက်ဆိုင်ရာတက္ကသိုလ်အစုအဖွဲ့ (Syndicate)အလိုက် ဆက်လက်ကျင်းပရာ ဆေးပညာရပ်ဆိုင်ရာ(ဘွဲ့ကြို)အစုအဖွဲ့ (Medical Syndicate (Undergraduate))တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာဖေသက်ခင်နှင့် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဆေးတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများနှင့် ဆန်းစစ်မှုစနစ်များ သုံးသပ်ပြင်ဆင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကာ တက်ရောက်လာကြသူများက အသေးစိတ်ဝိုင်းဝန်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးပညာရပ်ဆိုင်ရာ(ဘွဲ့လွန်) အစုအဖွဲ့ Medical Syndicate (Postgraduate)၌ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာတင်တင်လေးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ဘွဲ့လွန်ဆေးပညာသင်တန်းများ၏ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းကာလများ၊ ဆန်းစစ်မှုစနစ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ခေတ်နှင့်လျော်ညီစွာ ပြုပြင်သင့်သည်များကို ဆွေးနွေးတင်ပြကြကာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

**ဝိုင်းဝန်းအကြံပြု ဆွေးနွေး**

ထို့ပြင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအစုအဖွဲ့ (Traditional Medicine Syndicate) တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပါမောက္ခဒေါက်တာသန်းမြင့်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး တိုင်းရင်းဆေးပညာ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများအတွက် ပြုပြင်သင့်သည်များနှင့် တိုင်းရင်းဆေး ပညာပါရဂူဘွဲ့သင်တန်း ဖွင့်လှစ်နိုင်ရေးတို့အတွက် တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

နှီးနှောဖလှယ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးနှင့်ဆေးနီးနွှယ် ကောင်စီ/ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် သင်ကြားရေးဆရာ ဆရာမများ၊ အငြိမ်းစား ပညာရှင်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ၊ ဆေးပညာရှင်များ တက်ရောက်ကြပြီး နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို လုံလောက်စွာ လေ့ကျင့်မွေးထုတ်နိုင်ရေးသာမက အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ဆေးပညာသင်ကြားရေး အဆင့်အတန်း၊ စံနှုန်းစံညွှန်းများနှင့် ကိုက်ညီစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း အများပြည်သူတို့ထံ ဆေးဝါးများ တိုက်ရိုက်ရောင်းချပေး

**ရန်ကုန် ဇူလိုင် ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ပံ့ပိုးကူညီမှုနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဦးဆောင်မှုတို့ဖြင့် ကုမ္ပဏီပေါင်း ၅၀ ကျော်က အများပြည်သူတို့ထံ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နဝဒေးရုပ်ရှင်ရုံဝင်းအတွင်းရှိ မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာန အဆောက်အအုံ အတွင်း၌ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

အများပြည်သူ အိမ်သုံးဆေးဝါးများ လွယ်ကူမြန်ဆန်သက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန် ဇူလိုင် ၁၇ ရက်က ပန်းဘဲတန်းမြို့နယ်၌ ပထမ အရောင်းစင်တာအဖြစ် ဆေးကုမ္ပဏီ ၇၀ ကျော်က စတင်ရောင်းချပေးခဲ့ပြီး ယနေ့တိုင်ရောင်းချပေးလျက်ရှိကာ ဒုတိယ အရောင်းစင်တာဖြစ်သော နဝဒေးရုပ်ရှင်ရုံဝင်းအတွင်း၌ ယနေ့မှ စတင်၍ ဩဂုတ် ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသ ရောင်းချပေးလျက်ရှိ၍ ဆေးဝါးကုမ္ပဏီအချို့က သွေးတိုး၊ ဆီးချိုရောဂါများအတွက် အခမဲ့စမ်းသပ်ပေးလျက်ရှိသည်။ ထို့ပြင် တတိယ အရောင်းစင်တာအား ပဲခူးမြို့ ဥသျှောင်သီရိဈေးအပေါ်ဆုံးထပ်၌ ယနေ့မှစတင်၍ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

"အခုလို အများပြည်သူကို ဆေးဝါး တိုက်ရိုက်ရောင်းချပေးရတဲ့ ရည်ရွယ်ချက်က ဆေးဝါးရှာဖွေရာမှာ လွယ်ကူမြန်ဆန်စေဖို့နဲ့ တစ်နေရာတည်းမှာ စုစည်းရရှိနိုင်ဖို့ ရောင်းချပေးတာဖြစ်ပါတယ်။ အများပြည်သူ ဆေးဝါးလိုအပ်ချက် အပေါ်မူတည်ပြီး ဆေးဝါးအရောင်းစင်တာတွေ ထပ်မံတိုးချဲ့ဖို့နဲ့ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း လိုအပ်ရင် လိုအပ်သလို ဆက်လက်ခင်းကျင်းပြသရောင်းချပေးသွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးဇေယျာဖြိုးက ပြောသည်။

အိမ်သုံး ဆေးဝါးများရောင်းချသည့်နေရာနှစ်နေရာသို့ ရန်ကုန်မြို့စွန်မှ ပြည်သူများလည်း လာရောက်ဝယ်ယူကြလျက်ရှိရာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းအနေဖြင့် ဆေးကုမ္ပဏီများအား မိမိတို့ဆေးသိုလှောင်ရုံများတွင် ရှိသည့် ဆေးဝါးများအား အများပြည်သူကျန်းမာရေးကိုရှေးရှု၍ ဆေးဝါးအားလုံးရောင်းချပေးရန် တိုက်တွန်းနှိုးဆော်ထားကြောင်း၊ ပြင်ပတွင် ဆေးဝါး ပြတ်လပ်မှုရှိခဲ့ပါက ဖွင့်လှစ်ထားသော ဆေးဝါးအရောင်းစင်တာတို့တွင် သတ်မှတ်ထားသော အချိန်အတွင်း လာရောက် ဝယ်ယူနိုင်ကြောင်းနှင့် ဆေးဝါးကုမ္ပဏီများက ဆေးဝါးအမျိုးအစားပေါင်း တစ်ထောင်ခန့်ကို ရောင်းချပေးလျက်ရှိရာ ရှာဖွေရန် ခက်ခဲသော ဆေးဝါးများရှိပါက မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းထံ တိုက်ရိုက် စုံစမ်းမေးမြန်းနိုင်ပြီး ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့ရှိ ဆေးဝါးအရောင်းစင်တာ သုံးခုတို့၌ လွယ်ကူမြန်ဆန်စွာ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြောင်း သိရသည်။



**သတင်းစဉ်**
**ဓာတ်ပုံ – ကနူး**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေး၊ ရေများ အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ပဲခူး ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေး၊ ရေများအမြန်ဆုံး ပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ဖွင့်လှစ်ထားသည့် သဘာဝဘေး ကွပ်ကဲမှုရုံးတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယာယီရေဘေးရှောင်စခန်းများ၌ လိုအပ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ငါး၊ ခေါက်ဆွဲခြောက်၊ ရေသန့်စသည်တို့ကို လိုအပ်မှု မရှိစေရေး စနစ်တကျပို့ဆောင်ပေးရန်နှင့် ချက်ပြုတ်သည့်အဖွဲ့များအား သန့်ရှင်းစွာချက်ပြုတ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ရေဝင်ရောက်သည့် ဒေသများအတွင်း ရေအမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရန်၊ ရေထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးရန်၊ ကားလမ်းနှင့် ရပ်ကွက်များအတွင်း အန္တရာယ်ရှိနိုင်သည့်နေရာများတွင် အသိပေးဆိုင်းဘုတ်များ စိုက်ထူသွားရန်၊ သက်ဆိုင်ရာဌာနဆိုင်ရာများ အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် စိုင်တီကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကျေးရွာအတွင်း ရေဝင်ရောက်မှုနှင့် စိုင်တီချောင်း ရေလျှံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများအတွက် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ ကြိုတင်ပျိုးထောင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ထားရန် လမ်းညွှန်မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ပညာဓမ္မဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ရောက်ရှိခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ ရေဘေးသင့်ပြည်သူများ ချက်ပြုတ်စားသုံးနိုင်ရေး လိုအပ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားဖိုဆောင်သုံးပစ္စည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးတို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစု ရေဘေးကာကွယ်ရေးတာအပေါ် ရေကျော်နေမှုနှင့် ညောင်ဝိုင်းတာ ရေဝင်ရောက်နိုင်သည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်အားဖြင့် အမြန်ဆုံးသဲအိတ်ဖြင့် ရေတားနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ပဲခူးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ပဲခူးမြစ်ရေမြင့်တက်လာခြင်းတို့ကြောင့် ဇူလိုင် ၂၈ ရက် ညပိုင်းအထိ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာလေးရွာတို့တွင် ယာယီရေဘေးရှောင်စခန်း ၂၇ ခု ဖွင့်လှစ်ထားရှိပြီး အိမ်ခြေ ၆၁၈၇ အိမ်၊ အိမ်ထောင်စု ၆၂၅၄ စု၊ လူဦးရေ ၂၅၀၄၃ ဦးအား နေထိုင်စားသောက်မှု အဆင်ပြေစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် ရေတွင်းများအား ကလိုရင်းဆေးများ လိုက်လံခတ်ပေး

ဘီးလင်း ဇူလိုင် ၂၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်ခံခဲ့ရသည့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရေတွင်းများအား ကလိုရင်းဆေးများ လိုက်လံခတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်(၂) ဦးအောင်ချိုဦး၊ အတွင်းရေးမှူး ရဲမှူး မင်းတင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးရာဇာရပ်ကွက်သို့ သွားရောက်၍ ရေနစ်မြုပ်ခဲ့ရသည့် ရေတွင်းများအား ကလိုရင်းဆေးများ ခတ်ပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် အသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မြဝတီမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ပြည်သူများအတွက် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်

မြဝတီ ဇူလိုင် ၂၉

ကရင်ပြည်နယ် မြဝတီမြို့၌ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးရှောင်စခန်း ၁၁ ခုသို့ ပြောင်းရွှေ့နေရာချထားပြီး ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီအစရှိသည့် အခြေခံစားသောက်ကုန်များကို ဇူလိုင်၂၇ ရက်မှစ၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က စခန်းအလိုက် လိုက်လံထောက်ပံ့ပေးကြောင်း သိရသည်။

## ထောက်ပံ့ပေးအပ်

အဆိုပါရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ရာတွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်မြင့်၊ မြဝတီမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် စခန်းအလိုက်တာဝန်ခံများက ဇူလိုင် ၂၇ ရက်တွင် စခန်း ၁၁ ခုရှိ လူဦးရေ ၄၉၈၅ ဦးအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် ၇၃၀၅ ပြည်နှင့် ဆီ ၆၁၄ ပိဿာကိုလည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် စခန်းခုနစ်ခုရှိ လူဦးရေ ၁၂၇၈ ဦးအတွက် ငါးသေတ္တာဘူး ၁၁၀၀၊ ဟင်းခတ်မှုန့်ထုပ် ၂၀ နှင့် ရေသန့်ဘူး ၇၄၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများကလည်း စခန်းအလိုက် အခြေခံစားသောက်ကုန်များ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# သထုံမြို့နယ် ဒုံဝန်းကျေးရွာရှိ ရပ်ကွက်နေပြည်သူများထံ သောက်ရေသန့်များ လိုက်လံလှူဒါန်း

သထုံ ဇူလိုင် ၂၉

ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ အနိမ့်ပိုင်းရပ်ကွက်နေပြည်သူများထံ နှောင်ကြိုးမဲ့ ပရဟိတ လူမှုကူညီရေးအသင်းက သောက်ရေသန့်များ လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။



## လိုက်လံလှူဒါန်း

“ဒုံဝန်းကျေးရွာ အနိမ့်ပိုင်းရပ်ကွက် (၇)နဲ့ (၈) ရေမြုပ်နေတာက လေးရက်လောက်ရှိပြီ။ ရေတွင်းရေကန်တွေပါ ရေမြုပ်နေတော့ သောက်သုံးရေ အခက်အခဲဖြစ်တယ်။ အဲဒါကြောင့် ရေသန့်ဘူးကြီးတွေကို ရေမြုပ်ခံ ဘုန်းတော်ကြီးကျောင်းတွေနဲ့ နေအိမ်တွေကို လိုက်လံလှူဒါန်းတာပါ” ဟု နှောင်ကြိုးမဲ့ပရဟိတ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူက ပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းပြီး ဘီးလင်းမြစ်ရေ မြင့်တက်လာသောကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းမှစတင်ကာ ကျေးရွာ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ရပ်ကွက်(၇)နှင့် ရပ်ကွက်(၈)တို့ အတွင်းသို့ ရေဝင်ရောက်ကာ လက်ရှိအချိန်အထိ ရက်သတ္တပတ်နီးပါး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ရပ်နီးရပ်ဝေး နေအလှူရှင်များ၏ ကူညီဖေးမ လှူဒါန်းမှုဖြင့် သောက်ရေသန့်ဘူးများကို အခက်အခဲဖြစ်ရာ နေအိမ်များအရောက် ဇူလိုင် ၂၇ ရက်မှစတင်၍ နေ့စဉ် လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့် ရေကြည်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားရေရိက္ခာများထောက်ပံ့လှူဒါန်း



ရေကြည် ဇူလိုင် ၂၉

ဧရာဝတီ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးအုန်းမြင့်သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကျုံပျော် ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ နေအိမ်ခြံဝင်းများတွင် ရေဝင် ရောက်မှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားသူများအား စားရေရိက္ခာများ သွားရောက် လှူဒါန်းခဲ့သည်။

### ထောက်ပံ့လှူဒါန်း

ထိုသို့ လှူဒါန်းရာတွင် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် လောကမာရဇိန် ဘုရားကြီးဝင်း အတွင်း ယာယီနေထိုင်လျက် ရှိသော အိမ်ထောင်စု ၅၀၊ မြို့မ ရပ်ကွက် အမျိုးသားခန်းမ၌ ယာယီ နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၀ စုစုပေါင်း အိမ်ထောင်စု ၉၀ အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်ထုပ်၊ ကြက်ဥ စသည့် စားရေရိက္ခာများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့နောက် ဝန်ကြီးသည် တက်ဆိပ်ကျေးရွာ ပုသိမ် - မုံရွာကားလမ်းရှိ တံတားအမှတ် (၁/၂၈) နတ်စင်ရိုးတံတား(၂)တွင် ရေတိုက်စားမှုကြောင့် တံတား Will Wall ဘယ်ဘက်အခြမ်း အလျားပေ ၂၀၊ အနံ ၁၂ ပေနှင့် အမြင့်ပေ ၂၀ ခန့် ပြိုကျခဲ့မှုအပေါ် လမ်းအထူးအဖွဲ့ ၂၀ မှ တံတား ကြံ့ခိုင်မှုရှိစေရေး ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျုံတာကျေးရွာ ငဝန်ဗောဓိတာ မိုင်အမှတ် (၄၃/၄) မိုင်တွင် နှစ်ပေခန့် တာအိတာလျှော ခြင်း ဖြစ်ပွားသည့်နေရာကို ပြုပြင် ဆောင်ရွက်ထားမှုကို လည်းကောင်း မယင်းကူးကျေးရွာ ရေဝင်ရောက်မှုအခြေအနေနှင့် အလယ်စုကျေးရွာ တာမြေသား သဲအိတ်ဖို့ခြင်း ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည် များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျုံပျော်မြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်

ကျုံပျော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီးကျုံပျော်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒါးကချောင်းရေမြင့်တက်ပြီး ရေဝင်ရောက်လျက်ရှိသော ရပ်ကွက်နှင့် ကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့်အဖွဲ့ဝင်များ ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ရေဘေးကူညီရေးအဖွဲ့များသည် ပင်လုံရပ်ကွက် သောင်တန်းလမ်း ရေဝင်ရောက်နေမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား မြတ်ချမ်းသာဘုရားဓမ္မာရုံတွင် နေရာချထားကာ အားပေးစကားများပြောကြား၍ ရေဘေးသင့် အိမ်ထောင်စု ၆၅ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ဆားတစ်ထုပ်၊ ခေါက်ဆွဲခြောက် အသေးငါးထုပ်နှင့် ရေသန့်တစ်ကတ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူး-မော်လမြိုင်လမ်းပိုင်းအတွင်းတံတား ရေတိုက်စားမှုအခြေအနေကို တွေ့ရစဉ်။



ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းရှိ မဲဇလီကုန်းနှင့်ထူးကြီးဘူတာအကြား တံတားများ ရေတိုက်စားပြီးရထားလမ်းရေကျော်မှုအခြေအနေကိုတွေ့ရစဉ်။

**❂ ကျောဖုံးမှ**

အထက်ပါ သဘာဝဘေးအန္တရာယ်ကြောင့် ရထား လမ်းနှင့် တံတားများပေါ်ရှိ သံလမ်းမျက်နှာပြင် အထက် ကိုးလက်မကျော် ရေကျော်နေသဖြင့် မြန်မာ့မီးရထားအနေဖြင့် ဇူလိုင် ၂၈ ရက်က ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အဆန်အထူးရထား ခရီးသည် ၁၀၆ ဦးကို ပဲခူးမှ ပဲနွယ်ကုန်းဘူတာအထိ RBE ရထားတွဲဆိုင်းဖြင့် ပြောင်းရွှေ့ပေးပြီး အမှတ် ၁၂ အစုန်ရထားတွဲဆိုင်းဖြင့် မန္တလေးသို့ပို့ဆောင်ပေးခြင်း၊ အမှတ် ၁၂ အစုန်ရထားစီးခရီးသည် ၁၁၆ ဦးကို အဆိုပါ RBE တွဲဆိုင်းဖြင့် ပဲနွယ်ကုန်းဘူတာမှ ပို့ဆောင်ပြီး ဘုရားကြီးဘူတာမှတစ်ဆင့် မော်တော်ယာဉ်ကြီးနှစ်စီးဖြင့် ရန်ကုန်ဘူတာသို့ ဆက်လက်ပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အလားတူ မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ် ၈၂ အစုန်အမြန်ရထားဖြင့် လိုက်ပါလာသော ခရီးသည် ၄၆၃ ဦးအား ပဲခူးဘူတာမှ RBE ရထားတွဲဆိုင်းဖြင့် ကလိဘူတာသို့ သွားရောက်ခေါ်ယူပြီးနောက် ပဲခူးဘူတာမှတစ်ဆင့် အထူးရထားတွဲဆိုင်းဖြင့် ညပိုင်းတွင် ရန်ကုန်ဘူတာအထိ ဆက်လက်ပို့ဆောင်သယ်ယူပေးခဲ့သည်။

### ယာယီဖျက်သိမ်းထား

မြန်မာ့မီးရထားအနေဖြင့် ယနေ့နံနက်ပိုင်းတွင် ရေတိုင်းထွာချက်များအရ ပဲခူးဘူတာ ယာဒ်ဝင်း အတွင်း၌ ရထားစကြ်ံသံလမ်း၏ မျက်နှာပြင်အထက် ၁၀ လက်မခန့်အထိ ရေကျော်နေခြင်း၊ ရန်ကုန်-မန္တလေးရထားနှင့် ရန်ကုန်-မော်လမြိုင် ရထားတို့ ဖြတ်သန်းသည့် ပဲခူးနှင့် ဘုရားကြီး၊ ပဲခူးနှင့်ကလိဘူတာတို့အကြား ရထားလမ်းပိုင်းရှိ တံတားအမှတ် ၆၀ ပေါ်တွင် သံလမ်းမျက်နှာပြင် အထက် ၁၅ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ရထားများဖြတ်သန်းနိုင်သည့် အခြေအနေမရှိသဖြင့် လမ်းပိုင်းပိတ်ကာ ရန်ကုန်-မန္တလေး ရထားခရီးစဉ်များ၊ ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားကြောင်း သိရသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းတစ်လျှောက် နေရာ ၁၃ နေရာတွင် ရထားလမ်းတာပေါင်နှင့် တံတားများပေါ်၌ ရေကိုးလက်မ ကျော်ခန့် ဖြတ်ကျော်စီးဆင်းနေသောကြောင့် မြန်မာ့မီးရထားအနေဖြင့် ဇူလိုင် ၂၇ ရက်မှစတင်၍ လူစီးရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားရသည်။

မြန်မာ့မီးရထားအနေဖြင့် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ရေကျော်စီးဆင်းနေသော နေရာများတွင် ရေကင်းစောင့်ဝန်ထမ်းများ တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေများ ပြန်လည်ကျဆင်းသွားပါက လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကျောက်ကြီးများ၊ လမ်းခင်းကျောက်များ၊ ဇလီဖားများအား အဆင်သင့်စုပုံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းပိုင်းနှင့်တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲခြင်းကို စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❃ U-12 မှ**

အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ဘာစီလိုနာအသင်းက လီဗာပူးကို အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပေါ် စိတ်ဝင်စားမှုများလာခဲ့ပြီး ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်နှင့် မန်စီးတီး၊ ဂျာမနီကလပ် ဘိုင်ယန်မြူးနစ် စသည့်အသင်းများ အပြင် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျ၊ နိုင်ဂျီးရီးယားတို့မှ အသင်းများလည်းဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃ က ကျင်းပသည့် ပြိုင်ပွဲတွင် မြန်မာ ယူ - ၁၂ အသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုတွင်း၌ ပြိုင်ပွဲ၏ အအောင်မြင်ဆုံးဖြစ်သော ဘာစီလိုနာနှင့် တွေ့ဆုံခဲ့သည်။ ယခုနှစ်ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ၂၃ ရက်အထိ ဂျပန်နိုင်ငံ ချီးဘားမြို့၌ ကျင်းပမည်ဖြစ်ပြီးမြန်မာ ယူ - ၁၂ အသင်း အပါအဝင် စုစုပေါင်း ၄၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ မြန်မာယူ- ၁၂ အသင်းသည် အုပ်စု (D)၌ ဂျပန်ကလပ်အသင်းများဖြစ်သည့် Tozuka Football Club Junior၊ Kashima Antlers Norte၊ FC Basara Hyogo တို့နှင့် ကျရောက်နေခြင်းဖြစ်သည်။

ပဏာမ မြန်မာယူ - ၁၂ အသင်းကို နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးမင်းသူက ကိုင်တွယ်လျက်ရှိပြီး မန္တလေးဘောလုံးအကယ်ဒမီတွင် ဩဂုတ် ၂ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ ဩဂုတ် ၃ရက်တွင် ရန်ကုန်သို့ ပြန်လာ၍ ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

### ဝင်ရောက်ယှဉ်ပြိုင်သွားမည်

ပဏာမမြန်မာ ယူ -၁၂ အသင်းကို ကစားသမား ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး လေ့ကျင့်မှုများ ပြုလုပ်စေခြင်း၊ ခြေစမ်းပွဲများ ယှဉ်ပြိုင်စေခြင်းများ ပြုလုပ်ပြီးနောက် အပြီးသတ် ၁၈ ဦး ရွေးချယ်၍ U-12 Junior Soccer World Challenge 2024 အား ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Htet Oo Maung**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ချိုချိုမြတ်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကို၊ ဒဂုံမြို့သစ်ခရိုင် ပညာရေးမှူး ဦးငွေသူရ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် ဦးကိုကိုနိုင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျင်းပပြုလုပ်သည့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်နည်းပြိုင်ပွဲများစသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

### ပေးအပ်

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသစာအုပ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးမာလွင်နှင့် ကျောင်းအုပ်ကြီးတို့က လက်ခံရယူခဲ့ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ဒါရိုက်တာ အကယ်ဒမီညိုမင်းလွင်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး"ခေါင်းစဉ်ဖြင့် စာပေဆိုင်ရာများကို ဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒါရိုက်တာ အကယ်ဒမီ ညိုမင်းလွင်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



# ဒေးဒရဲမြို့နယ်၌ မိုးရာသီ(ဒီရေတော) သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒေးဒရဲ ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ(ဒီရေတော)သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက်က ဒေးဒရဲမြို့နယ် ကွင်းပုန်းကျေးရွာ ရတနာသောင်တန်းအနီးရှိ ပင်လယ်ကမ်းခြေတစ်လျှောက်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအား ဖျာပုံမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ၏ လမ်းညွှန်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ်ကြီး ဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ သုံးဒါတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒီရေတောဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေရေးအတွက် ကျန၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ လမု၊ အုန်းပင်၊ မာလာလူးကား၊ ပင်လယ်ကဗွီးစသည့် ပျိုးပင်ပေါင်း ၁၃၅၀ အား စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

၂၀၇

# ကျိုက်လတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်

ကျိုက်လတ် ဇူလိုင် ၂၉

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမြေပြင်စစ်ဆေးခြင်း လုပ်ငန်းများကို ကျိုက်လတ်မြို့နယ် တုံးလှဲအထနီ ကျေးရွာအုပ်စုတွင် ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကျိုက်လတ်မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးမင်းလွင်ဦးနှင့် အဖွဲ့က ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိဘဲ စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦးကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုစာရင်းမြေပြင်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်အစာအဖြစ် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ပြောင်းလဲကျွေးမွေးခြင်း လက်တွေ့သရုပ်ပြ

ထန်းတပင် ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာ၌ ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်း လက်တွေ့သရုပ်ပြပွဲကို အဆိုပါကျေးရွာရှိ တောင်သူ ဦးကြည်၏ နေအိမ်၌ ဆောင်ရွက်ခဲ့သည်။



ထို့နောက် လက်တွေ့သရုပ်ပြရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ပြောင်းလဲကာ ကျွေးမွေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြုလုပ်ပုံအဆင့်ဆင့်အား တောင်သူများနှင့်အတူ လက်တွေ့သရုပ်ပြပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ခြင်းကြောင့် ကျွဲ၊ နွားများအတွက် အစားအစာအဖြစ် ကျွေးမွေးနိုင်ပြီး ယင်းအစာကို ကျွေးခြင်းအားဖြင့် ကျွဲ၊ နွားများ ကိုယ်အလေးချိန်တိုးခြင်း၊ မျိုးပွားမှုဆိုင်ရာ ကောင်းမွန်ခြင်း၊ နို့ထုတ်လုပ် မှုတိုးတက်လာခြင်း၊ ကုန်ကျမှုစရိတ်သက်သာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဒေးဒရဲ ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည့် ပဆင- တညင်ကုန်း- သဲကုန်း-ကုန်းတန်းကလေး ကျေးရွာချင်းဆက်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

### ကွင်းဆင်းစစ်ဆေး

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည်(၀/၂.၇၅)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခုနှစ်လက်မရှိ ကျေးရွာချင်းဆက် လမ်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သပြေထွန်း



# အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်သစ်ဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေ ရေးဆွဲပြီးစီး

ဂျကာတာ ဇူလိုင် ၂၉

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နျူဆန်ထရာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများရရှိစေရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေကို ရေးဆွဲပြီးစီးခဲ့ကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ယမန်နေ့က မြို့တော်သစ်တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းအခြေအနေတိုးတက်မှုများ ပြန်လည်သုံးသပ်ရာတွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

လက်ရှိအချိန်အထိ စီးပွားရေးလုပ်ငန်းများမှ မြို့တော်သစ်တွင် ရင်းနှီးမြှုပ်နှံရန် အဆိုပြုလွှာ ၃၀၀ ကို လက်ခံရရှိခဲ့ကြောင်းဝီဒိုဒိုက မှတ်ချက်ပြုပြောကြားသည်။

ယင်းဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများရရှိမည့် အခွင့်အရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေငှားခွင့်ပေးသည့် သတ်မှတ်ကာလတို့ ပါဝင်သည်။ အင်ဒိုနီးရှားအစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအား မြို့တော်သစ်တည်ဆောက်ပြီးစီးမှုကို မကြာမီ ဖိတ်ခေါ်၍ ပြသမည်ဖြစ်သည်။ သမ္မတဝီဒိုဒိုသည် ယမန်နေ့တွင် နျူဆန်ထရာ၌ တာဝန်စတင်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးအဖွဲ့အစည်းအဝေးကို မကြာမီကာလတွင် ကျင်းပမည်ဟု သိရသည်။ နိုင်ငံ၏လွတ်လပ်ရေးနေ့အခမ်းအနားကို ဂျကာတာနှင့် နျူဆန်ထရာတို့တွင် တစ်ပြိုင်နက်တည်းကျင်းပနိုင်ရန် အစိုးရက လုပ်ငန်းများပြင်ဆင်ဆောင်ရွက်နေသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ






# အရှေ့တောင်အာရှဒေသ၌ အမေရိကန်၏ နျူကလီးယားလက်နက်ဖြန့်ကြက်မှုကြောင့် ဒေသတွင်းလုံခြုံရေးစိုးရိမ်ရဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

မော်စကို ဇူလိုင် ၂၉

အရှေ့တောင်အာရှ ဒေသတွင် အမေရိကန်၏ နျူကလီးယားလက်နက်ဖြန့်ကြက်မှုကြောင့် ဒေသတွင်းလုံခြုံရေးအတွက် စိုးရိမ်ရသည့်အခြေအနေများဖြစ်လာစေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလဗ်ဗရော့ဗ်က ယမန်နေ့က ပြောကြားခဲ့သည်။

အမေရိကန်သည် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် နျူကလီးယားလက်နက်များ ဖလှယ်နေပြီး ပူးတွဲနျူကလီးယားစစ်ရေးလေ့ကျင့်မှုများကို ဆောင်ရွက်နေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်တွင် ယင်းစစ်ရေးလေ့ကျင့်မှုများသည် အာရှဒေသသို့ ဦးတည်လာပြီး ယင်းကဲ့သို့ လုပ်ရပ်များသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများကိုမြင့်တက်စေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အမေရိကန်နိုင်ငံသည် ပြည်ပနိုင်ငံများကိုလေးစားမှုမရှိသဖြင့် အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသတွင် နျူကလီးယားလက်နက်များကို ဖြန့်ကြက်ခြင်းဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့အကြား မကြာမီကရရှိခဲ့သည့် နျူကလီးယားဆိုင်ရာ သဘောတူညီချက်သည် ဒေသတွင်းလွှမ်းမိုးမှုပြုရေး အမေရိကန်၏ဆောင်ရွက်ချက်ဖြစ်ကြောင်း လဗ်ဗရော့ဗ်က ထပ်လောင်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ယခုနှစ်ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၌ အစာအဆိပ်သင့်ဝေဒနာခံစားရသူ ၂၀၀၀ ကျော်ရှိ

ဟနွိုင်း ဇူလိုင် ၂၉

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်ပထမခြောက်လအတွင်း အစာအဆိပ်သင့်မှု ၃၆ ခု ဖြစ်ပွားခဲ့ပြီး အစာအဆိပ်သင့်ဝေဒနာ ခံစားရသူ ၂၁၃၈ ဦးနှင့် သေဆုံးသူခြောက်ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကို ကိုးကား၍ ဒေသန္တရမီဒီယာများက ပြောကြားသည်။

ယမန်နှစ်အလားတူကာလအတွင်း ယခုနှစ်ထက် အစာအဆိပ်သင့်မှု လေးခု လျော့နည်းခဲ့သော်လည်း အစာအဆိပ်သင့်ဝေဒနာခံစားရသူ ၁၄၃၂ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနသတင်းစာဖြစ်သည့် ဆက်ကိုးဒွိုင်ဆမ်း သတင်းစာက မှတ်ချက်ပြုပြောကြားသည်။ နိုင်ငံအတွင်းရှိ ဟိုတယ်များ၊ လမ်းဘေးဈေးသည်များမှ ရောင်းချသည့်အစားအစာများနှင့် စားသောက်ဆိုင်များမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒိုဆန်တူယင်က ပြောကြားသည်။ မကြာမီက ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် အစာအဆိပ်သင့်မှုများသည် ကုမ္ပဏီများမှ မီးဖိုချောင်များ၊ ကျောင်းရှိစားသောက်စရာရောင်းချသည့်နေရာများတွင် ဖြစ်ပွားခဲ့သည်။ အစားအစာများတွင်ပေါက်ပွားသည့် ဇီဝပိုးမွှားများနှင့် ယင်းပိုးမွှားများမှ ပေါက်ပွားလာသည့် သဘာဝအဆိပ်များသည် အစာအဆိပ်သင့်မှု၏ အကြောင်းရင်းခံများဖြစ်ပြီး သဘာဝအဆိပ်သင့်မှုနှင့် ယမကာသောက်သုံးရာမှ ဖြစ်ပွားသည့် အဆိပ်သင့်မှုများသည် သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဗီယက်နမ်နိုင်ငံသို့ ခုနစ်လအတွင်း နိုင်ငံတကာခရီးသွား ၁၀ သန်းနီးပါး ဝင်ရောက်

ဟနွိုင်း ဇူလိုင် ၂၉

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမ ခုနစ်လအတွင်း နိုင်ငံတကာခရီးသွား ၁၀ သန်းနီးပါး လာရောက်ခဲ့ကြောင်းနှင့် ယင်းခရီးသွားများအနက် ဥရောပမှ ခရီးသွားအရေအတွက်သည် သိသိသာသာ တိုးလာကြောင်း ဗီယက်နမ်နိုင်ငံအထွေထွေစာရင်းအင်းရုံးက ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုကိန်းဂဏန်းများအရ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၁ ရာခိုင်နှုန်း တိုးလာပြီး ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကထက် ၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဥရောပမှလာရောက်သည့် ခရီးသွားဦးရေမြင့်တက်လာမှုနှင့်အတူ ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း ၄၇ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်းသိရသည်။ ဩစတြေးလျဒေသ၏ ခရီးသွားဝင်ရောက်မှုသည် ၂၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် အမေရိကဒေသ၏ ခရီးသွားဝင်ရောက်မှုသည် ၉ ဒသမ ၇ ရာခိုင်နှုန်းတို့ တိုးလာကြောင်းနှင့် တရုတ်နိုင်ငံမှ ခရီးသွားအရေအတွက်တိုးလာမှုကြောင့် ဗီယက်နမ်နိုင်ငံသို့လာရောက်သည့် အာရှဒေသ၏ ခရီးသွား အရေအတွက်သည်လည်း တိုးတက်မှုနှုန်း ၅၇ ဒသမ ၁ ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး ခရီးသွားအရင်းအမြစ်များဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ခရီးသွားနည်းပါးချိန်တွင် ဥရောပဧည့်သည်များ တိုးလာခြင်းသည် ဗီယက်နမ်နိုင်ငံ၏ ဗီဇာမူဝါဒနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်မှုများကြောင့်ဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများနှင့် ဒေသဆိုင်ရာရုံးက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်




# တရုတ်နိုင်ငံအလယ်ပိုင်းတွင် မြစ်ရေလျှောင်တမံကျိုးပေါက်မှုကြောင့် လူပေါင်း ၃၈၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ



ပေကျင်း ဇူလိုင် ၂၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မြစ်ရေလှောင်တမံတစ်ခု ကျိုးပေါက်မှုကြောင့် ဒေသခံစုစုပေါင်း ၃၈၃၂ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

အဆိုပါ မြစ်ရေလှောင်တမံကျိုးပေါက်မှုသည် ဇူလိုင် ၂၈ ရက် ည ၈ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းနှင့် ယခုအချိန်အထိ အသေအပျောက်သတင်းမရရှိသေးကြောင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှုကယ်ဆယ်ရေးဌာနချုပ်က ပြောကြားသည်။

ရှင်တန်နှင့် ရှင်ဟူဒေသတို့ရှိ ကျေးရွာနှစ်ရွာတို့မှ ဒေသခံများအား နေရာထိုင်ခင်းပေးရန် ဒေသဆိုင်ရာစာသင် ကျောင်းလေးကျောင်းတွင် ယာယီတဲများဆောက်လုပ်ပေးထားပြီး အများစုမှာ ၎င်းတို့၏ဆွေမျိုးများနှင့်အတူ ခေတ္တနေထိုင်ရန် ရွေးချယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုင်ဖွန်း Gaemi ၏ ရိုက်ခတ်မှုကြောင့် ဟူနန်ပြည်နယ်၏ အစိတ်အပိုင်းများတွင် ဇူလိုင် ၂၆ ရက်ညပိုင်းမှစတင်ကာ ဇူလိုင် ၂၉ ရက်အထိ အလွန်ပြင်းထန်သော မိုးသက်မုန်တိုင်းများ ကြုံတွေ့ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် ကျားဖောင်ပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် နေ အောင်ဇော်ဦး(ခ)ကြွက်နီနှင့် မြောင်းမြမြို့နေ ဇော်နိုင်တို့က လပွတ္တာမြို့နယ်နေ ဦး -----၊ ၃၄/၂၀၂၃ နှစ်အား မြောင်းမြမြို့ရှိ ပေါင်မုန့်စက်ရုံတွင် အလုပ်အပ်ပေးမည်ဟု လိမ်လည်ပြောဆိုကာ ဖျာပုံမြို့နယ် နောက်မီးကျေးရွာမှ လှုပ်ဝကြီး(ခ) သန်းနိုင်ထံတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် ကျားဖောင်ပေါ်သို့ ပို့ဆောင်ပြီး လုပ်အားခငွေကျပ် ၇၅၀၀၀၀ အား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကန်ဘက်နယ်မြေရဲစခန်း(ပ) ၇၃/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ လပွတ္တာခရိုင် တရားရုံးက ယနေ့တွင် တရားခံ အောင်ဇော်ဦး (ခ)ကြွက်နီနှင့် ဇော်နိုင်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ " ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **" ပြန်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့ အကြမ်းဖက် ဘယ်သူကတိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Reconditioned Sewing Machines နှစ်လုံးအပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၀၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်တင်ပို့ခွင့် အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ရွှေဟုယူဆရသော ၁၀ ကျပ်သားခန့်ရှိ လက်ကောက် ခြောက်ကွင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ) ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသော အီတလီနိုင်ငံနှင့် ပြင်သစ်နိုင်ငံထုတ် လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် Toothed Wheel နှစ်ခု၊ CVMOT2-CVMOT3 Card Replacement နှစ်ခု၊ Kit Maint E-V တစ်ခု၊ Bearing အခု ၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် My Boy နို့ဆီနှင့် နို့စိမ်းဘူး ၃၁၉၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng-long Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၇၃၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် သဲကောကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၁၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၂ ကီလိုဂရမ်ပါ အိတ် ၆၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသော တရုတ်နိုင်ငံထုတ် ကြက်ဖင်စီဘူး ၃၉၉၉၆ ထုပ်အပါအဝင် စားသောက်ကုန်ပစ္စည်း သုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၁၄၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၇၅၆၁၂၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၇-၂၀၂၄ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ခေမျှာ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၅ | နိုင်ငံစီးပွားအလေးထား MSME လုပ်ငန်းများ |
| ၀၉:၁၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | မြန်မာ့သနပ်ခါး |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုး'** (အပိုင်း-၁၆) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၃၀ | Weekly MNL Review |
| ၁၆:၄၅ | ကမ္ဘာ့တစ်လွှား အနုပညာသတင်းများ |
| ၁၇:၁၀ | စာပေနှင့်အနုပညာလက်ရာများကို မှတ်ပုံတင်ခြင်းဆိုင်ရာသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ |
| ၁၇:၄၅ | အိုလံပစ်အားကစားပြိုင်ပွဲ(Highlight)(၅) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | "အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်"(၅) |
| ၁၈:၄၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုး'** (အပိုင်း-၂၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၃၅) |
| ၂၂:၁၀ | မြန်မာဇာတ်လမ်းတွဲ **'အခမ်းနားဆုံးသစ်ပင်'** (အပိုင်း-၁) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei) |
| 07:10 | Alms Bowl |
| 07:29 | Compelling Benefits of Radiation Technology |
| 07:37 | The Lives of Stone Slab and Mortar Makers |
| 08:01 | News |
| 08:26 | Topics Potpourri; The Key Keeper of Vatican Museums |
| 08:32 | Dhammayangyi Temple |
| 08:47 | Malikha & Fairy Island |
| 09:01 | Introductory Programme of Literary Award Winners: Maung Nai (Dathanika) |
| 09:17 | Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1) |
| 09:38 | Broom Making Business |
| 09:49 | People's Military Service Law 3 |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |
| 10:35 | Commercial Farmimg to GDP Growth, Cucumber Grower |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာတံမြက်စည်းလုပ်ငန်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ခွဲမားဆန်ပြုတ်ချက်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဖိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
သဘာဝဖြစ်တည်တောင်ကြဲအလှရှိရာငွေတောင်ပြည်

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ပျောက်ကွယ်လုနီးပါး ဂေးဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝဓိကျောင်းများပျော်စံရာ မိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကြယ်ကလေးများအတွက်(ပုံပြင်)

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
သစ်သီးအခေါ်အဝေါ်များ(အပိုင်း-၁)

**ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀)**
အမဲအူထန်းနှစ်ချက်

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁၀)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၇:၄၅ | နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၈:၄၅ | ECONOMIC REVIEW |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | Save Our Planet Program |
| ၁၀:၄၅ | အသိပညာနှင့်အမှန်တရား "ဂျပန်လူမျိုးတို့၏အတွေးအခေါ်နှင့် အမှုအကျင့်များ" (အပိုင်း-၁) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ကံစမ်းမဲ" |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | "ရှေ့သို့ချီမည်....ပန်းတိုင်ဆီ" (အပိုင်း-၃၉) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | Gardener's World - 2022 Ep1 (နိုင်ငံခြားဇာတ်လမ်း) |
| ၁၉:၃၀ | My 3 Most profitable Microgreens |
| ၂၂:၀၀ | **ရင်ထဲကရွှေနန်းကျင်** (ဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၂၀ | PARIS OLYMPIC GAMES SPECIAL |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၂၉**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသူဇာမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသား အကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မသူဇာမိုးသည် ဇူလိုင် ၂၈ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၈ နာရီတွင် ထွက်ခွာပြီး ဒူဘိုင်း နယူးဒေလီ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မသူဇာမိုးသည် ရန်ကုန်မြို့မှ အေးဂျင့်၏ ပို့ဆောင်ပေးမှုဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ရောက်ရှိခဲ့ပြီး ထိုအေးဂျင့်ရုံး၌ ရက် ၂၀ ခန့်နေထိုင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် Tourism ဗီဇာဖြင့် ရီရတ်ဒ်မြို့ရှိ အလုပ်ရှင်နေအိမ်၌ တစ်လလျှင် ဆော်ဒီရီရယ် ၁၂၀၀ ဖြင့် အလုပ်လုပ်ကိုင်ခဲ့ရာ ခြောက်လကျော် ကြာမြင့်ခဲ့ပြီး မိသားစုထံသို့ လစာပေးပို့ရာတွင် အေဂျင်စီက လွှဲပြောင်းပေးပို့ခြင်း မရှိခဲ့ကြောင်း၊ အိမ်ရှင်နှင့် အဆင်မပြေမှုကြောင့် နေအိမ်မှ သုံးကြိမ်တိုင် ထွက်ပြေးခဲ့ဖူးပြီး အိမ်ရှင်မှ ဆက်ဆံရေး ပိုမိုဆိုးရွားလာခဲ့ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ရန်ခြင်းကို ကြုံတွေ့လာရကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် သုံးလွှာတိုက် နေအိမ်အပေါ်ထပ်မှ ထွက်ပြေးရန်ကြိုးစားစဉ် ပြတင်းပေါက်မှပြုတ်ကျခဲ့ရာ ခါးကို ထိခိုက်မိခဲ့ပြီး အိမ်ရှင်က မြန်မာသံရုံးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား သံရုံးဝင်းအတွင်း အဆောက်အအုံငယ်တွင် ထားရှိ၍



နေရာထိုင်ခင်းနှင့်စားသောက်ရေးအပြင် ဆေးဝါးနှင့် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကောင်းမွန်စွာ စောင့်ရှောက်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit) ရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မသူဇာမိုးက "ကျွန်မက ပခုက္ကူမြို့ သဖန်းပင်ရွာမှာနေပါတယ်။ မြန်မာပြည်ကနေ စင်ကာပူ၊ စင်ကာပူကနေ ဒူဘိုင်း ရီရတ်ဒ်မြို့ကို ရောက်သွားပါတယ်။ ရီရတ်ဒ်ကအလုပ်ရှင်အိမ်မှာ ကလေးသုံးယောက်ကို ထိန်းရတယ်၊ အိမ်အလုပ်တွေလုပ်ရတယ်။ အလုပ်ပင်ပန်းပြီး အိပ်ချိန်နည်းတာကြောင့် အိပ်ရေးမဝတဲ့ ဒဏ်ကိုခံရတယ်။ အိမ်ကိုလစာလွှဲတာလည်း မရောက်ဘူး။ အလုပ်ခြောက်လခွဲမှာ လေးလစာပဲရခဲ့တယ်။ အထူးသဖြင့် ပင်ပန်းတဲ့ ဒဏ်ကိုမခံနိုင်တာရယ်၊ မိမိလုပ်အားခ အပြည့်အဝမရတာကြောင့် အိမ်ရှင်ကိုပြန်ချင်တယ်ပြောတော့ မရခဲ့ပေမယ့် နောက်ဆုံး ခါးကို ထိခိုက်မိပြီး နောက်ပိုင်းမှာ မြန်မာသံရုံးကို အိမ်ရှင်ကလိုက်ပို့ပေးပါတယ်။ ကျွန်မကို ကိုယ့်မိသားစုလို နွေးနွေးထွေးထွေးနဲ့ ကူညီ စောင့်ရှောက်ပေးကြတဲ့ သံအမတ်ကြီး၊ သံမှူးကြီးနဲ့ ဝန်ထမ်းအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာမိုးပြီး ကန်တော့ပါတယ်။ ကျွန်မတို့ကို ဝင်ငွေကောင်းတယ်ဆိုပြီး သူတစ်ပါးပြောဆိုစည်းရုံးမှုနဲ့ နားယောင်မိခဲ့တဲ့အတွက် ပြည်ပမှာ ဒုက္ခမျိုးစုံကြုံခဲ့ရတာမျိုး အခြားသူတွေမကြုံစေလိုပါဘူး။ တကယ်ကြမ်းတမ်းပါတယ်။ မသွားစေလိုပါဘူး။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ဖို့တိုက်တွန်းလိုပါတယ်။ အခုလို အမိနိုင်ငံသားတစ်ဦး အခက်အခဲ ကြုံတွေ့နေချိန်မှာ အားပေးကူညီ ဆောင်ရွက်ပေးကြတဲ့ မြန်မာသံရုံးနဲ့ နိုင်ငံတော်က အကြီးအကဲတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောသည်။

ဆော်ဒီအာရေဗျ နိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံ သဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ် လုပ်ကိုင်ရှာဖွေရေးအေဂျင်စီများမှလိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့်နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်း ကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nge Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ (အနောက်)ရပ်ကွက်နေ နန္ဒာလွင်(ခ) အငယ်လေးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Htet Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မိတ္ထီလာမြို့နယ် အောင်ဇေယျာရပ်ကွက်နေ ထက်ထက်အောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပေါက်ခေါင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းအကြောင်း အသိပညာပေး ဆွေးနွေး

**ပေါက်ခေါင်း ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ရိုက်ကူး၍ အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသော်မော်ခန့်က မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း သစ်ပင်စိုက်ပျိုးထားရှိမှုနှင့် ဖြန့်ဝေပေးမှုများ၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့အောင် ပြုလုပ်သည့် နည်းလမ်းများနှင့် သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ဒုတိယဝန်ကြီး ဦးအေးကျော် ၅၀၀ ကေဗွီ HGIS Switch Bay (၆) Bay တပ်ဆင်နေမှု၊ ထရန်စဖော်မာ Firewall တည်ဆောက်ပြီးစီးမှု၊ HGIS စနစ်အသုံးပြု၍ ထရန်စဖော်မာများ၊ ဓာတ်အားလွှတ်ပစ္စည်းများ တည်ဆောက်တပ်ဆင်ပြီးစီးမှုကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ဇူလိုင် ၂၇ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ Call Center တွင် ဓာတ်အားဖြန့်ဖြူးရန် ကြီးကြပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ဧရာဝတီမြစ်ရေသည် ဆက်လက်မြင့်တက်လျက်ရှိနေသဖြင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းစေရန်အတွက် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ယာယီဓာတ်အား ဖြတ်တောက်ထားရှိရန်နှင့် ပြည်သူများနားလည်သဘောပေါက် လက်ခံအောင် သေချာစွာ ရှင်းလင်းပြောကြားပေးစေလိုကြောင်း၊ မြစ်ရေများပြန်ကျပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းနှင့်ဆက်စပ်ပစ္စည်းများ၊ မီတာများနှင့် အိမ်တွင်းလျှပ်စစ်ဝါယာ သွယ်တန်းထားရှိမှုများကို စနစ်တကျ သေချာစွာစိစစ်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများကို စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ် ၍ Call Center တွင် ဓာတ်အားဖြန့်ဖြူးမှု ကြီးကြပ် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၅၀၀ ကေဗွီ လှိုင်သာယာ ပင်မ ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန စီမံကိန်းမန်နေဂျာ ဦးကျော်ဝေလင်းက ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းအားနည်းမှုမရှိရေး အထူးဂရုပြု ဆောင်ရွက်စေလိုပါကြောင်း မှာကြားပြီး ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက စီမံကိန်း လုပ်ငန်းခွင်၌ Control Building တည်ဆောက်နေမှု၊ ၅၀၀ ကေဗွီ HGIS Switch Bay (၆) Bay တပ်ဆင်နေမှု၊ ထရန်စဖော်မာ Firewall တည်ဆောက်ပြီးစီးမှု၊ HGIS စနစ်အသုံးပြု၍ ထရန်စဖော်မာများ၊ ဓာတ်အားလွှတ် ပစ္စည်းများ တည်ဆောက်တပ်ဆင်ပြီးစီးမှု အခြေ အနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး (၁/၀)မိုင်ရှိ EV Charging Station ကို ဓာတ်အားပေးနိုင်ရန်အတွက် အသစ်တည်ဆောက်လျက်ရှိသော ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံ၏ မြို့ပြလုပ်ငန်း ဆောင်ရွက်တိုးတက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံတက္ကသိုလ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အဆင့်)ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၂၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အဆင့်) အမျိုးသား အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ(၁)၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

**ပေးအပ်**

ဦးစွာ ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပနိုင်ရန် ဝိုင်းဝန်းကူညီပေးသော ဒဂုံတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးအထူးပြုကျောင်းသူ မရွှန်းလဲ့လဲ့မင်းနှင့် မြန်မာစာအထူးပြုကျောင်းသူ မရွှေသီရိခေတ်တို့အား ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာမျိုးမင်းနှင့်ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းမွေးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဆရာ ဆရာမများက အမျိုးသားအသင်းလိုက်(ကြက်တောင်ရိုက်)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောဒဂုံတက္ကသိုလ်အသင်းနှင့် အမျိုးသမီးအသင်းလိုက် (ကြက်တောင်ရိုက်)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ပြည်တက္ကသိုလ်အသင်းတို့အား ဆုတံဆိပ်များချီးမြှင့်ကြသည်။ ထို့နောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမျိုးသားအသင်းလိုက်(ကြက်တောင်ရိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်အသင်းနှင့် အမျိုးသမီးအသင်းလိုက်(ကြက်တောင်ရိုက်) ပြိုင်ပွဲတွင်ပထမဆုရရှိသော ဒဂုံတက္ကသိုလ်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၀၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ဇီးကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေး ဟောပြော

ဇီးကုန်း ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနက သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း (အထက-ဇီးကုန်း)၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးအောင်မိုးက မြန်မာနိုင်ငံ၏သစ်တောစိုက်ကေအခြေအနေ၊ သစ်တောသစ်ပင်များမှ လူတို့ကို အကျိုးပြုပုံ၊ သစ်တော သစ်ပင်အသုံးဝင်ပုံ၊ သစ်ပင်စိုက်ပျိုး ပြုစုပုံအသေးစိတ်ကို ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ သစ်တောဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့နောက် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးပုံကို လက်တွေ့ပြသခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၁၀ ပင်၊ ခရေပင် သုံးပင်၊ ပျဉ်းကတိုးပင်သုံးပင်၊ ယမနေပင် ၁၀ ပင်၊ မန်ကျည်းပင် ၂၉ ပင် စုစုပေါင်း ပျိုးပင် ၅၅ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အဂတိပယ်ခွာ ပြည်သာယာ

မောင်တည်ကြည်

**အဂတိလိုက်စားမှုသည် အများပြည်သူလူထုတစ်ရပ်လုံးအတွက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍအသီးသီးတို့ကို တည်ဆောက်ပဲ့ပြင်ကြရာ၌ လေးနက်တည်ကြည်စွာ မပြုလုပ်ပါက အတိဒုက္ခဖြစ်စေသည့် ဘေးအန္တရာယ်ကြီးတစ်ရပ်ဖြင့် ရင်ဆိုင်ရဖွယ်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးရေးသားဖွင့်ဆိုနေကြသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ အဂတိလိုက်စားခြင်းသည် အဂတိလိုက်စားခဲ့သည့် ပုဂ္ဂိုလ်သာမက ယင်း၏အဖွဲ့အစည်းများကိုယ်တိုင်ပင်လျှင် ဘေးအန္တရာယ် အဘယ်မျှကြီးမားနေကြောင်း တွေ့ကြုံကြရမည်ဖြစ်ပါသည်။**

အဂတိလိုက်စားမှုကြောင့် ကြုံတွေ့နိုင်သော ဘေးအန္တရာယ်များမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသလို ခေတ်ကာလတစ်ခုနှင့်တစ်ခုလည်း မတူညီနိုင်ပေ။ အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် ဥပဒေ၊ တရားစွဲအဖွဲ့အစည်း၊ စီရင်မည့် တရားရုံးတို့ကို ပြဋ္ဌာန်းဖွဲ့စည်းခန့်အပ်၍ ဆောင်ရွက်လျက်ရှိသော်လည်း အဂတိလိုက်စားမှုကို ထိရောက်စွာ အရေးယူနိုင်ခြင်းမရှိသေးသည့်အတွက် အဂတိလိုက်စားမှုသည် ဘေးအန္တရာယ်ကြီးတစ်ခုသဖွယ် တိုးမြင့်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

**ကျင့်ဝတ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ကို ဂုဏ်သိက္ခာများနှင့်အတူ ပေးဆပ်လိုက်ရ**

အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်ကို လေ့လာကြသည့်အခါတွင် များသောအားဖြင့် ဦးစားပေးစဉ်းစားနေကြသည်မှာ ဥပဒေကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော ငွေကြေးနှင့် တံစိုးလက်ဆောင် အပေးအယူ ကိစ္စမျှသာဖြစ်သည်။ ငွေကြေးနှင့် တံစိုးလက်ဆောင်အပေးအယူသည် စီးပွားရေးလုပ်ငန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပြီး အကျိုးအမြတ်တွက်ခြေကိုက်မှု၊ မကိုက်မှုအပေါ်တွင် စွန့်စားဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် ထို့ထက်အဆများစွာ ပိုဆိုးသည်မှာ ကိန်းဂဏန်းဖြင့် ဖော်ပြ၍မရသော ဆုံးရှုံးမှုမှာ လုပ်ငန်းရှင်များနှင့် လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ ကျင့်ဝတ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ကို ဂုဏ်သိက္ခာများနှင့်အတူ ပေးဆပ်လိုက်ရခြင်းဖြစ်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အရင်းခံအကြောင်းတရားများသည် စိတ်စေတနာ နည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင်ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တကို ပျက်စီးစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်ပါသည်။ အဂတိလိုက်စားမှုသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို လျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းရမည့် ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာမှုတို့အတွက် အဟန့်အတားလည်း ဖြစ်ပေါ်လာပါသည်။

ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ (၃)ဖြာဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကဏ္ဍများကို အပြန်အလှန်ထိန်းကျောင်းရင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**❛ တည်ဆဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရဆိုလျှင် အဂတိလိုက်စားသူများအတွက် ဥပဒေအရ အရေးယူခံရနိုင်သော ဘေးအန္တရာယ်က တစ်စထက်တစ်စ ပိုမိုကြီးမားလာနေပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ဥပဒေအရ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုများ ဖော်ထုတ်သိမ်းဆည်းခံရနိုင်သော ဘေးအန္တရာယ်ကလည်း ယှဉ်တွဲပါလာနေပါသည်။ ဂုဏ်သိက္ခာဆုံးရှုံးစေမည့် အန္တရာယ်ကမူ ပြောစရာမလိုတော့ပါ။ မူလက ရာထူးဌာနန္တရရှိသော ပုဂ္ဂိုလ်များ၊ ကြွယ်ဝချမ်းသာသူများသည် မိမိတို့ကို အပ်နှင်းထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များပါ ဆုံးရှုံးစေသည့် ဘေးအန္တရာယ်ကလည်း အသေအချာ ရှိနေပြီဖြစ် ❜**

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေသည် ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့်နောက်တွင်မူ အခြေအနေအတော်အတန် ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ အဂတိလိုက်စားခြင်းကို အသုံးချပြီး စွန့်စားစီးပွားရှာလိုသူများအတွက် ဘေးအန္တရာယ်ကင်းလွတ်နယ်မြေ ကျဉ်းမြောင်းသွားစေခဲ့ပါသည်။ တံစိုးလက်ဆောင်ပေးခြင်းတွင် ယခင်က ပေးသူဘက်ကို မသိကျိုးကျွန်ပြုခဲ့သလို ဖြစ်နေရာမှ ယခုအခါ တံစိုးလက်ဆောင်ပေးသူရော၊ ယူသူပါ အရေးယူနိုင်သည့်အခြေအနေ ဖြစ်လာခဲ့ပါသည်။ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ခိုင်လုံသော စာရင်းဇယားကိန်းဂဏန်း အထောက်အထားများအရ ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေကြေးနှင့် ပစ္စည်းများ ဆုံးရှုံးစေခဲ့ပြီဆိုလျှင် အဂတိလိုက်စားမှုဥပဒေအရ တရားစွဲဆိုခံရတော့မည်ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် အဂတိလိုက်စားမှုကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ရန်အတွက်ဆိုလျှင် တာဝန်ရှိသူအဆင့်ဆင့်က အသိစိတ်ဓာတ်ပြည့်ဝစွာ အဂတိလိုက်စားမှုကင်းစင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ် ထူထောင်ရန် ဝိုင်းဝန်းဆောင်ရွက်ပြီး ပြည်သူပူးပေါင်းပါဝင်မှုရအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဥပဒေအရ အရေးယူခံရနိုင်သော ဘေးအန္တရာယ်က တစ်စထက်တစ်စ ပိုမိုကြီးမားလာ**

တည်ဆဲအဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရဆိုလျှင် အဂတိလိုက်စားသူများအတွက် ဥပဒေအရ အရေးယူခံရနိုင်သော ဘေးအန္တရာယ်က တစ်စထက်တစ်စ ပိုမိုကြီးမားလာနေပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ဥပဒေအရ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအပါအဝင် ပိုင်ဆိုင်မှုများ ဖော်ထုတ်သိမ်းဆည်းခံရနိုင်သော ဘေးအန္တရာယ်ကလည်း ယှဉ်တွဲပါလာနေပါသည်။ ဂုဏ်သိက္ခာဆုံးရှုံးစေမည့် အန္တရာယ်ကမူ ပြောစရာမလိုတော့ပါ။ မူလက ရာထူးဌာနန္တရရှိသော ပုဂ္ဂိုလ်များ၊ ကြွယ်ဝချမ်းသာသူများသည် မိမိတို့ကို အပ်နှင်းထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များပါ ဆုံးရှုံးစေသည့် ဘေးအန္တရာယ်ကလည်း အသေအချာရှိနေပြီဖြစ်ပါသည်။ ထို့အပြင် ဆက်စပ်အကြောင်းခြင်းရာများကြောင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ငွေရေးကြေးရေး၊ မိသားစုအရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မမျှော်မှန်းထားသောအခြေအနေများ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်ကလည်း ရှိနေပြီဖြစ်ပါသည်။ ဂုဏ်သတင်းအရလည်းကောင်း၊ ယုံကြည်မှုအရလည်းကောင်း၊ နိုင်ငံတကာကျင့်ဝတ်များအရလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးဗုန်းဗုန်းလဲပြီး အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်ရသည့် ဘေးအန္တရာယ်၊ လူတောမတိုးဝံ့အောင်ဖြစ်စေသော ကိုယ်ကျင့်တရားဆုံးရှုံးစေသည့် အန္တရာယ်၊ ဘဝတစ်လျှောက်လုံးတွင် ကြိုးပမ်းအားထုတ်ထားခဲ့သော မျှော်လင့်ချက်အားလုံးကို လက်လွတ်ဆုံးရှုံးစေသည့် ဘေးအန္တရာယ်၊ တစ်သက်တာကာလ လိုက်နာစောင့်ထိန်းထားမှုများ၊ ဝတ္တရားများ ပျက်ကွက်ဆုံးရှုံးစေသည့် ဘေးအန္တရာယ်နှင့် နောက်ဆုံးတွင် မိမိနှင့် မိသားစုဝင်များသည် မိမိကျင်လည်ကျက်စားခဲ့သည့် ပတ်ဝန်းကျင်မှ ထွက်ခွာသွားရသည့် ဘေးအန္တရာယ်အထိ ရောက်ရှိနိုင်သည့်အပြင် အဂတိလိုက်စားမှုသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးတို့ကိုပါ ထိခိုက်စေမည်ဖြစ်ပါသည်။

**စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့သည့်အမှုများ**

၂၀၂၄ ခုနှစ် မေလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ပါရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ အခန်းဆက်ဆောင်းပါး၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ ဖြစ်ပါသည်။ နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဒသမ ၈၅၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့် ငွေကြေးများ၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာဖတ်ရှုရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါငွေကြေးများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့သည့် သတင်းပေးတိုင်ကြားချက်များကြောင့် နိုင်ငံတော်ပိုင်ငွေကြေးများ၊ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှု မရှိစေရေး ကာကွယ်နိုင်မှုပင်ဖြစ်ပါသည်။ သို့ရာတွင် ပေးသူနှင့် ယူသူပါ သဘောတူကျေနပ်ပြီး အဂတိလိုက်စားမှုကျူးလွန်နေသူများလည်း ရှိနေဦးမည်ဖြစ်ပါသည်။ သတင်းပေးပို့သူ Third Party မရှိခြင်းကြောင့်လည်းကောင်း၊ သတင်းပေးပို့တိုင်ကြားလိုသော်လည်း သတင်းပေးပို့တိုင်ကြားသူအား အကာအကွယ်ပေးသည့် Whistleblower Protection Law ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ဆဲအခြေအနေတွင်ရှိခြင်းနှင့် သက်သေအကာအကွယ်ပေးမည့် အစီအမံနှင့် လုပ်ထုံးလုပ်နည်းများ မရှိသေးခြင်းသည်လည်း အဂတိလိုက်စားမှုကျူးလွန်သူများအတွက် ကြီးမားသောဂယ်ပေါက်တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်လာစေရေး၊ နိုင်ငံသားများ၏ဘဝများ သာယာဝပြောလာစေရေးနှင့် နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းခြင်းဖြင့် "အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဟူ၍ ရေးသားဖော်ပြအပ်ပါသည်။ ။

**❛ ပေးသူနှင့်ယူသူပါ သဘောတူကျေနပ်ပြီး အဂတိလိုက်စားမှုကျူးလွန်နေသူများလည်း ရှိနေဦးမည်ဖြစ်ပါသည်။ သတင်းပေးပို့သူ Third Party မရှိခြင်းကြောင့်လည်းကောင်း၊ သတင်းပေးပို့တိုင်ကြားလိုသော်လည်း သတင်းပေးပို့တိုင်ကြားသူအား အကာအကွယ်ပေးသည့် Whistleblower Protection Law ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ဆဲအခြေအနေတွင်ရှိခြင်းနှင့် သက်သေအကာအကွယ်ပေးမည့် အစီအမံနှင့် လုပ်ထုံးလုပ်နည်းများ မရှိသေးခြင်းသည်လည်း အဂတိလိုက်စားမှုကျူးလွန်သူများအတွက် ကြီးမားသောဂယ်ပေါက်တစ်ခုဖြစ် ❜**

# လှိုင်ကော်မြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုံးသုံးအထောက်အကူပစ္စည်းများနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇူလိုင် ၂၉**

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုံးသုံးအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်အဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းရုံးအတွက် အထောက်အကူပစ္စည်းများဖြစ်သည့် ကွန်ပျူတာ တစ်လုံး၊ Colour Printer တစ်လုံး၊ တယ်လီဖုန်းတစ်လုံးနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းဈေးတန်းရှိ ဈေးဆိုင်ခန်းများ၌ ရောင်းချနေသည့် စားသောက်ဖွယ်ရာများ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် Hybrid စနစ်ဖြင့် ကျင်းပသည်။ နိုင်ငံတော်တွင် အင်ဂျင်နီယာ ပညာရေးသည် ၁၉၂၃-၁၉၂၄ ပညာသင်နှစ်မှ စတင်ခဲ့သည်ဖြစ်ရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ နှစ်(၁၀၀) ပြည့်မြောက်ပြီဖြစ်သည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ယခုအစည်းအဝေးကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာလတွင် အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ဂုဏ်ပြုညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရေး လျာထား ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အနာဂတ်အင်ဂျင်နီယာ ပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များကို ပူးပေါင်းချမှတ်နိုင်ရန်၊ မြန်မာ့အင်ဂျင်နီယာများ၏ နိုင်ငံ့အကျိုးပြု စွမ်းဆောင်နိုင်မှု သမိုင်းမှတ်တိုင်များကို လူငယ်များက အားကျအတုယူကြစေပြီး ခေတ်မီ အင်ဂျင်နီယာ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးနိုင်မှုများကို ပိုမိုဖွံ့ဖြိုးလာစေကာ ပြည်သူများက အမှန်တကယ် အားထားရသည့် အင်ဂျင်နီယာ လူငယ်ကောင်းများ ပိုမိုပေါ်ထွန်းလာစေရန်၊ University-Industry Collaboration ကို လက်တွေ့ကျကျ မြှင့်တင်နိုင်ပြီး နိုင်ငံ့စီးပွား တိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်၊ သုတေသနရလဒ်များကို စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်မှုကို မြှင့်တင်နိုင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာအင်ဂျင်နီယာများ၏ အတွေ့အကြုံများနှင့် နည်းပညာ ဖလှယ်မှုကို ပိုမိုအားကောင်းလာစေရန်စသော ရည်ရွယ်ချက်များဖြင့် ကျင်းပသွားရန်ရှိကြောင်း၊ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အစိုးရနည်းပညာ ကောလိပ်များမှ ကျောင်းအုပ်ကြီးများက အင်ဂျင်နီယာသမိုင်းကြောင်းဆိုင်ရာအချက်အလက်များ စုဆောင်းထားရှိမှုများ၊ သုတေသနစာတမ်းများနှင့် ပရောဂျက်များ၊ ညီလာခံအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ မိမိတို့ ဆောင်ရွက်ရမည့် ညီလာခံနှင့် ဂုဏ်ပြုအစီအစဉ်များသည် တစ်သက်တွင် တစ်ကြိမ်သာ ကြုံရသည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ရာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝစွာကျင်းပနိုင်ရေး အင်တိုက်အားတိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# EPS-TOPIK ကုန်ထုတ်လုပ်ငန်း(ဒုတိယအသုတ်)နှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် အလုပ်လျှောက်လွှာ သက်တမ်းတိုးခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၃ ခုနှစ် ကိုရီးယားဘာသာ အရည်အချင်းစစ်(EPS-TOPIK) စာမေးပွဲ ကုန်ထုတ်လုပ်ငန်း ဒုတိယအသုတ်နှင့် ဆောက်လုပ်ရေးလုပ်ငန်း ဖြေဆိုအောင်မြင်ပြီး အလုပ်ရှင်ရွေးချယ်ခံရခြင်း မရှိသေးသူများအတွက် သက်တမ်းတိုးလျှောက်လွှာ ထုတ်ပေး/လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အသိပေးကြေညာထားသည်။

ထို့ကြောင့် မိမိတို့ လက်ကိုင်ဖုန်းမှတစ်ဆင့် ID/Password ဖြင့်ကြည့်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သက်တမ်းကုန်မည့်သူများသာ အလုပ်လျှောက်လွှာတင်သွင်းရမည်ဖြစ်ပြီး ယင်းနေ့ရက်နောက်ပိုင်း သက်တမ်းကုန်ဆုံးမည့်သူများအား အလုပ်လျှောက်လွှာ သက်တမ်းတိုးရမည့်နေ့ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ပါရှိသည်။

ယင်းအတွက် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အလုပ်လျှောက်လွှာထုတ်ပေးခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ အလုပ်လျှောက်လွှာလက်ခံမည်ဖြစ်ကာ အလုပ်ရှင်ရွေးချယ်ခံရခြင်းမရှိသူများသာ အလုပ်လျှောက်လွှာတင်သွင်းရန်လည်း ပါရှိသည်။

အလုပ်လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုသည့် ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်ဖြစ်ပြီး စာမေးပွဲလျှောက်လွှာတင်သွင်းခဲ့သည့် ဓာတ်ပုံ၊ နိုင်ငံကူးလက်မှတ်တွင် ပါရှိသည့် ဓာတ်ပုံနှင့် ယခုအလုပ်လျှောက်လွှာတင်သွင်းသည့် ဓာတ်ပုံတို့သည် တစ်ဦးတည်းသာဖြစ်ရမည်ဟု သိရသည်။

ထို့ပြင် ကျန်းမာရေးစစ်ဆေးခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ စစ်ဆေးရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှု အောင်မြင်သူများသာ အလုပ်လျှောက်လွှာ တင်သွင်းရမည်ဟုလည်း သိရသည်။

အလုပ်လျှောက်လွှာနှင့်အတူ နိုင်ငံကူးလက်မှတ် မူရင်းနှင့်ကာလာမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံ သုံးပုံ၊ (ဆေးသားကောင်းမွန်ပြီး နောက်ခံအဖြူရောင် ၃ ဒသမ ၅ စင်တီမီတာ x ၄၅ စင်တီမီတာ၊ ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ကိုယ်ပိုင်စာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် နိုင်ငံကူးလက်မှတ်ပါ အမည်အတိုင်းဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်းစာအုပ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ဖူးခြင်း ရှိ/မရှိ မှန်ကန်စွာ ဖြည့်စွက်ရန်နှင့် သွားရောက်ခဲ့ဖူးပါက ကိုရီးယားသမ္မတနိုင်ငံ၌ လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်အမျိုးအစားနှင့် လုပ်ငန်းစိတ်၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့သည့် ခုနှစ်၊ လ၊ ရက်တို့ကို ပြည့်စုံမှန်ကန်စွာ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်ဖြစ်သည်။

အလုပ်လျှောက်လွှာတွင် ဖြည့်စွက်ရမည့် အချက်အလက်များ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ တင်ပြသည့်အထောက်အထားများ မှန်ကန်စွာဖော်ပြရန် လိုအပ်ပြီး မမှန်မကန် ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်းနှင့် အလုပ်လျှောက်လွှာတင်သွင်းသူတိုင်း ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်လုပ်ကိုင်ရမည်ဟု အာမမခံကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အသိပေးထားသည်။

**MT**

## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။



၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇



## ပခုက္ကူဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသော ကုလားပဲဈေးနှုန်းဈေးကွက်

ပခုက္ကူ ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ကုလားပဲဝါလုံးကြီး (929)၊ ကုလားပဲဝါ (HL)နှင့် ကုလားပဲဖြူလုံးကြီး (V2/ V6) တို့ကို ပခုက္ကူကျွန်းနယ်များဖြစ်သော ပခုက္ကူကျွန်း၊ လေးလံကျွန်း၊ မြင်းကျွန်း၊ သဘော်ာကုန်ကျေးရွာ၊ ကုက္ကိုလ်လှကျေးရွာ၊ ကျွန်းဦး၊ ကျွန်းညိုရွာများတွင် အဓိကစိုက်ပျိုးပြီး တစ်ရက်လျှင် အိတ်ရေ ၅၀ မှ ၁၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ဇူလိုင်လ စတုတ္ထပတ်တွင် ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၇၉၅၀၀၊ ကုလားပဲဖြူ(V6) တစ်တင်းလျှင် ကျပ် ၈၂၀၀၀၊ ကုလားပဲဝါ(929) တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ ကုလားပဲဝါ(HL) တစ်တင်းလျှင် ကျပ် ၇၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း ပခုက္ကူဈေးကွက်မှ သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

## ရွှေဖရုံသီးစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေ

သဲကုန်း ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ရွှေဖရုံသီးကို ကိုယ်တိုင်စားသုံးရန်နှင့် ရောင်းချရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိပြီး မျိုးအနေဖြင့် ထိုင်ဝမ်မျိုးများကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဖရုံသီးသည် ပူနွေးသောရာသီဥတုတွင် ပိုမိုဖြစ်ထွန်းသော်လည်း အသင့်အတင့်အေးမြသောရာသီဥတုတွင်လည်း စိုက်ပျိုးနိုင်ကြောင်း၊ ရွှေဖရုံသီးစိုက်ပျိုးပြီး ရက် ၁၀၀ မှ ၁၂၀ အကြာတွင် အသီးရင့်မှည့်၍ စတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင်အလုံးရေ ၁၅၀၀ မှ ၂၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ရွှေဖရုံသီးတစ်လုံးလျှင် အရွယ်အစားအကြီးအသေးအပေါ်မူတည်၍ လက်လီဈေးနှုန်း ကျပ် ၁၂၀၀မှ ကျပ် ၁၅၀၀၊ လက်ကားဈေးနှုန်း ကျပ် ၈၀၀မှ ကျပ် ၁၀၀၀ ဖြင့် လည်းကောင်း၊ ရွှေဖရုံအညွန့်တစ်စည်း လျှင် လက်လီဈေးနှုန်း ကျပ် ၁၅၀၊ လက်ကားဈေးနှုန်း ကျပ် ၁၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေဖရုံသီးနှင့် ရွှေဖရုံညွန့်များကို ဒေသတွင်းမြို့နယ်များနှင့် ကုန်စိမ်းဒိုင်များမှတစ်ဆင့် ရန်ကုန် တညင်းကုန်းဈေးသို့ တင်ပို့ရောင်းချလျက်ရှိပြီး ရွှေဖရုံသီးစိုက်တောင်သူများဈေးကောင်းရရှိ၍ အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။



## ဇီးကုန်းမြို့နယ်၌ စမုန်နက်နှမ်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရလျက်ရှိ

ဇီးကုန်း ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဇီးကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်းသီးနှံကို ယခုနှစ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြောင်း၊ ဇီးကုန်းမြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးကြိုနှမ်းစိုက်ပျိုးရန် လျာထားဧက ၁၅၂၀ ဖြစ်ပြီး ဇွန်လကုန်အထိ ၉၀၁ ဧက စိုက်ပျိုးပြီးစီးကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



မိုးနှမ်းစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိုးကြိုနှမ်းကို မေလတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် စမုန်နက်နှမ်းမျိုးကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မိုးနှမ်းတစ်ဧကလျှင် မျိုးဝယ်ယူမှုအတွက် ကုန်ကျစရိတ်၊ ထယ်ထိုးခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အလုပ်သမားခ အပါအဝင် စုစုပေါင်းကျပ် ၃၆၅၀၀၀ ကုန်ကျကြောင်း သိရသည်။ ယခင်နှစ်တွင် စမုန်နက်နှမ်း တစ်ဧကလျှင် ပျမ်းမျှ ၁၀ တင်းခန့်ထွက်ရှိ၍ နှမ်းသစ်ပေါ်ချိန် စမုန်နက်နှမ်း တစ်တင်းလျှင်ကျပ် ၉၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပြီး အကျိုးအမြတ် အနေဖြင့် ကျပ် ၅၄၀၀၀၀ ခန့်ရရှိခဲ့ကြောင်း နှမ်းစိုက်တောင်သူတစ်ဦး ထံမှ သိရသည်။

### ၂၉-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၁၃၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၄၇၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၂၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၈၅ | ၉၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၁၅၀ | ၅၅၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၇၅၀၀ | ၆၃၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၄၅ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၃၂၀၀ | ၇၅၀၀ | ၇၂၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၄၅ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၃၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၅၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |



## မိုင်းပျဉ်းမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး အစည်းအဝေးကျင်းပ

မိုင်းပျဉ်း ဇူလိုင် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်က လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်း၍ မြန်မာ့သန်းခေါင်စာရင်းသမိုင်းကြောင်း၊ ဝိသေသလက္ခဏာများ၊ သန်းခေါင်စာရင်းသမိုင်း၊ သန်းခေါင်စာရင်းအသုံးဝင်ပုံ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဖွဲ့စည်းထားရှိမှု၊ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ သန်းခေါင်စာရင်းကောက်ယူမည့်နည်းလမ်းများ၊ စာရင်းစစ် စာရင်းကောက်သင်တန်းဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေများစသည်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် ကော်မတီဝင်များက ပါဝင်ဆောင်ရွက်ရမည့် အစိတ်အပိုင်းများအလိုက် ပြန်လည်မေးမြန်းဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ အကွက်အမှတ်(၄)၊ အကျယ်အဝန်း(ပေ ၄၀+၆၀)ပေ ရှိ မြေပေါ် အရပ်ရပ်ခံစားခွင့်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသည်။ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်လွင်ထံမှ အပြီးအပိုင်ဝယ်ယူထားပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါ မြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ၊ ဂရန်များနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်နိုင်ထွန်း**
**[၁၄/မအန(နိုင်)၁၆၄၅၀၀]**
**ဖုန်း-၀၉-၅၀၃၇၂၁၄၊ ၀၉-၇၇၇၂၇၇၄၄၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၁၂)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့ မြေစည်ပင်ခလက်ခံပြေစာပါ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ် (၈၂၃)၊ အိမ်ရာကွက်ချထားပေးခြင်းခံရသူ-ဒေါ်ခင်လေး (HGU-၀၀၂၄၂၂) အမည်ဖြင့်မြေ အကျယ်(၄၀'x၆၀')မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ အမည်ပေါက်ပိုင်ဆိုင်သည်ဟု အဆိုရှိသူ-(၁)ဦးထိုက်ထိုက်အောင်(ဘ)ဦးမြင့်အောင်[၇/ညလပ(နိုင်)၁၄၄၂၀၂]၊ (၂)ဒေါ်အေးအေးသင်း(ဘ)ဦးတိုးအောင်[၉/တသန(နိုင်)၁၅၉၅၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၂၅၇)**
**(မမ/၃၂၄)တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာ)ရပ်ကွက်၊ ဗဟို(၁၇)လမ်း၊ အမှတ် (H-၃၈)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဦးညွန့်စိန် အမည်ပေါက်စလစ်မြေကွက်အတွင်းမှ (အလျား ၂၀ပေ x အနံ ၆၀ပေ ) (တောင်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ဦးအောင်ကျော်သန်း [၁၂/သလန(နိုင်)၁၁၄၉၁၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် [၁၂/ဒပန(နိုင်)၀၀၁၀၄၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်သန္တာဆွေ (LL.M)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ်-၁၃၂၄၀/၁၇)** | | **(စဉ်-၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဗိုလ်တေဇ(၂)လမ်း၊ မြေတိုင်းအမှတ်-၄၈၊ မြေကွက်အမှတ်-၁၃-က/၁၈၊ အကျယ်အဝန်း (၂၀x၆၂)ပေရှိ ဒေါ်ငြိမ်းတင် အမည်ပေါက် ဂရန်မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသည့် (၁)ခန်းတွဲ ခြောက်ထပ် အခန်း(၆)ခန်းပါ RC တိုက်သစ်မှ ရောင်းချသူ ကန်ထရိုက်တာ၏ ရောင်းချပိုင်ခွင့်ရှိသည့် ပဥ္စမထပ်(၆)လွှာ တိုက်ခန်းအား ရောင်းချသူ ကန်ထရိုက်တာမှ အဆိုပါတိုက်ခန်းအား တန်ဖိုးငွေသိန်း (၅၅၀)ဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ဝယ်ယူသူမှလည်းသဘောတူညီ၍ စရန်ငွေအဖြစ် ငွေကျပ်သိန်း (၃၀၀)အား ဝယ်ယူသူမှ ရောင်းချသူ ကန်ထရိုက်တာအား လက်ရောက်ပေးချေ၍ စရန်ပေးကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါ ကန်ထရိုက်တာမှ တိုက်ခန်းအား ဆောက်လုပ်ပြီးစီးခြင်းမရှိသဖြင့် စရန်ငွေပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားရာ နှစ်ဦးသဘောတူစရန်ငွေ ပြန်အမ်းခြင်းကတိစာချုပ်ပြုလုပ်၍ စရန်ငွေကျပ်သိန်း (၃၀၀)အား အပြည့်အဝ ပြန်လည်ရရှိခဲ့သောကြောင့် နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်အား ဖျက်သိမ်းပြီးစီးပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေသူအောင်၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်စံမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၀၄၀/၁၀-၅-၂၀၂၂)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၇၆၉၂၆၅၃၃**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ ပြည့်စုံချမ်းသာကွန်ဒို၊ အမှတ်-၃၂၊ ၄-လွှာ၊ အခန်း Unit(H)၊ အခန်းဧရိယာ-၁၄၅၀ စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

